# ရှေးဦးကမ္ဘာသမိုင်း

သင်ခန်းစာ တစ်

ပြီးပြည့်စုံသောကမ္ဘာ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

ခြုံငုံသုံးသပ်ချက် ........ 2

**မှတ်သွင်းခြင်း** ........ 2

ယုံကြည်စိတ်ချရမှု ........ 2

ပုံစံ ........ 3

**နောက်ခံသမိုင်း** ........ 3

အသင့်ရရှိနိုင်မှု ........ 4

အပြန်အလှန်တုံ့ပြန်မှု ........ 4

**ရည်ရွယ်ချက်** ........ 6

**ရှုပ်ထွေးသောအမှောင်ကမ္ဘာ** ........ 8

**အကောင်းဆုံးသောကမ္ဘာ** ........ 9

**ခြောက်ရက်တာအစီအစဉ်** ........ 10

မူလအဓိပ္ပါယ် ........ 12

**ရှုပ်ထွေးသောအမှောင်ကမ္ဘာ** ........ 13

**အကောင်းဆုံးသောကမ္ဘာ** ........ 15

**ခြောက်ရက်တာအစီအစဉ်** ........ 17

အီဂျစ်ပြည်မှ ကယ်နုတ်ခြင်း ........ 17

ခါနန်ပြည်ကို သိမ်းပိုက်ခြင်း ........ 19

ခေတ်သစ်ကျင့်သုံးမှု ........ 20

**နိုင်ငံတော်စတင်ခြင်း** ........ 21

**ဆက်လက်တည်ရှိခြင်း** ........ 24

**ပြီးပြည့်စုံခြင်း** ........ 25

နိဂုံး ........ 27





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ္ဘေမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

လွန်ခဲ့သောနှစ်အနည်းငယ်တွင်၊ ကျွန်ုပ်သည်ကားကိုမောင်းနေစဉ် ပြေးလမ်းချော်သွားသည့် ရထားတစ်စီးကို တွေ့ခဲ့သည်။ ထိုနောက်ရထားသည်ထိုနေရာတွင်ပင် ထိုးရပ်နေခဲ့လေသည်။ ရထားသည် သွားရမည့်လမ်းကြောင်းပေါ်မှ လမ်းချော်သွားသောအခါ၊ ထိုနေရာတွင်ထိုးရပ်သွားပြီး၊ ၎င်းသည် ကြီးမားသောကမောက်ကမအခြေအနေတစ်ခု ဖြစ်စေသည်။

အစအဦးကာလတွင်၊ ဘုရားသခင်သည် သူ၏ဖန်ဆင်းထားသည့်အရာများအတွက် လိုက်လျောက်ရန်လမ်း သို့မဟုတ် လမ်းကြောင်းတစ်ခုကို ချပေးထားခဲ့ပြီး ဤလမ်းကြောင်းသည် ဘုရားသခင်၏ဖန်ဆင်းခြင်း အတွက် ကြီးကျယ်ခမ်းနားသောကံကြမ္မာဆီသို့ ဦးတည်စေခဲ့သည်။ သို့သော်၊ လူသားများသည် သူ၏ ဖန်ဆင်းခြင်းအတွက် ဘုရားသခင်၏လမ်းစဉ်ကို လိုက်နာရန်အကြိမ်ကြိမ်ပျက်ကွက်ခဲ့ကြသည်။ ကျွန်ုပ်တို့ကမ္ဘာကြီးသည် လမ်းချော်ခဲ့ပြီး ကြီးမားသောကမောက်ကမအခြေအနေတစ်ခုဖြင့် အဆုံးသတ် ခဲ့သည်။

ဤသင်ခန်းစာအခန်းဆက်ဆောင်းပါးတွင်၊ ကမ္ဘာ့သမိုင်း၏ အစောဆုံးနှစ်များတွင် ဘုရားသခင်ချမှတ်ထားသည့် သူ၏ဖန်ဆင်းခြင်းလမ်းကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ လေ့လာကြပါမည်— ခရစ်ယာန်အသိုင်းအဝိုင်းတွင် ကျွန်ုပ်တို့မကြာခဏခေါ်ဝေါ်လေ့ရှိသည့် “ဖန်ဆင်းခြင်းဆိုင်ရာဓမ္မသတ်စည်းမျဉ်းများ” အကြောင်းဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် အများအားဖြင့် *ရှေးဦးကမ္ဘာသမိုင်း* ဟုလူသိများသည့် ကမ္ဘာဦးကျမ်း ၁–၁၁ ကို လေ့လာကြမည်။ မောရှေ၏ဦးဆောင်မှုအောက်တွင် ဣသရေလလူတို့ကို ဘုရားသခင်လိုက်လျှောက်စေလိုသည့် အံ့သြဖွယ်လမ်းစဉ်ကို သမ္မာကျမ်းစာ၏ ဤအခန်းကြီးများသည် မြင်တွေ့နိုင်စေရန် ကူညီပေးပါလိမ့်မည်။ ထို့ပြင် ယနေ့ပင် သူ၏လူများ လိုက်လျှောက်သင့်သည့်လမ်းကိုလည်း ၎င်းတို့သည်ကျွန်ုပ်တို့အား ပြသပေးမည်ဖြစ်သည်။

ကမ္ဘာဦး ၁:၁–၂:၃ ကို အထူးပြုမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ပထမဆုံးသင်ခန်းစာအား “ပြီးပြည့်စုံသောကမ္ဘာ” ဟုအမည်ပေးထားပါသည်၊ ဤလောကကို ဘုရားသခင်သည် အလွန်နှစ်သက်သဘောကျကာ ပြီးပြည့်စုံသောအစီအစဉ်တစ်ခုအဖြစ် ပုံဖော်ထားကြောင်းကို မောရှေဦးစွာဖော်ပြခဲ့သောကျမ်းပိုဒ်ဖြစ်သည်။

ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ ဤအကောင်းဆုံးသောကမ္ဘာသည် မောရှေလက်ထက်တွင် ဣသရေလလူမျိုးထံ ဘုရားသခင်ဆောင်ယူခဲ့သောကံကြမ္မာကို ကြိုတင်မျှော်လင့်ထားသည့် သို့မဟုတ် အရိပ်အယောင်ပြခဲ့သည့်—သမိုင်းတစ်လျှောက် ဘုရားသခင်သည် သူ၏လူအားလုံးအပေါ်ယူဆောင်ပေးသည့် တူညီသောကံကြမ္မာဖြစ်သည်။ ၎င်းသည် အစပိုင်းတွင်မည်သို့ရှိခဲ့သည်ကို ကျွန်ုပ်တို့အား ပြသရုံ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သာမက၊ ယခုတွင် အသက်တာသည် မည်သို့ဖြစ်သင့်သည်၊ ထို့နောက်ကျွန်ုပ်တို့၏ကမ္ဘာသည် ကျွန်ုပ်တို့၏ခေတ်ကာလကုန်ဆုံးချိန်တွင် မည်ကဲ့သို့ဖြစ်လာမည်ကို ဖော်ပြသည်။

ဤသင်ခန်းစာကို အပိုင်းလေးပိုင်းခွဲထားသည်_ ဦးစွာ၊ ကမ္ဘာဦးကျမ်း ၁–၁၁ ၏ ရှေးဦးကမ္ဘာသမိုင်း ခြုံငုံသုံးသပ်ချက်ကို တင်ပြမည်။ ဒုတိယ၊ ကျွန်ုပ်တို့၏အာရုံစူးစိုက်မှုကို ကမ္ဘာဦး ၁:၁–၂:၃ သို့ အကျဉ်းချုပ်ပြီး၊ ၎င်း၏စာပေဖွဲ့စည်းပုံကို ဦးစွာကြည့်ပါမည်။ တတိယ၊ ကမ္ဘာဦးကျမ်းတွင်တွေ့ရသော ဤအပိုင်း၏မူလအဓိပ္ပာယ်ကို ၎င်း၏ဖွဲ့စည်းပုံအရ လေ့လာမည်။ စတုတ္ထ၊ ဤကျမ်းပိုဒ်၏ သင့်လျော်သော ခေတ်သစ်ကျင့်သုံးမှုများကို ကျွန်ုပ်တို့ ရှာဖွေပါမည်။ ကမ္ဘာဦးကျမ်း ၁–၁၁ ၏ ရှေးဦးကမ္ဘာသမိုင်း တစ်ခုလုံးကို ခြုံငုံသုံးသပ်ကြည့်ကြပါစို့။

# ခြုံငုံသုံးသပ်ချက်

ကမ္ဘာဦးကျမ်း ၁–၁၁ အားကျွန်ုပ်တို့၏ချဉ်းကပ်ပုံသည် အစပိုင်းတွင် ထူးခြားပုံအနည်းငယ်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အခြေခံဗျူဟာကို ရှင်းပြသင့်ပါသည်။ သမ္မာကျမ်းစာ၏ဤအပိုင်းအပေါ် ကျွန်ုပ်တို့၏လေ့လာမှုကို အနည်းဆုံးအယူအဆသုံးခုသည် လမ်းညွှန်ပေးပါလိမ့်မည်_ ပထမ၊ ဤအခန်းများ၏မှုတ်သွင်းခြင်းဆိုင်ရာ၊ ဒုတိယ ဤအခန်းများနောက်ကွယ်ရှိ စာပေနောက်ခံ၊ တတိယ ဤအခန်းများကို ရေးသားရခြင်း၏ရည်ရွယ်ချက်ဖြစ်သည်။

ပထမတွင်၊ ကမ္ဘာဦးကျမ်း ၁–၁၁ အပါအဝင် သမ္မာကျမ်းစာအားလုံးအပေါ် ဘုရားသခင်၏ မှုတ်သွင်းခြင်းကို ကျွန်ုပ်တို့အခိုင်အမာ ယုံကြည်ပါသည်။

## မှုတ်သွင်းခြင်း

ကျွန်ုပ်တို့ယုံကြည်သူများ၏ မှုတ်သွင်းခြင်းဆိုင်ရာနားလည်သဘောပေါက်မှုသည် ကမ္ဘာဦးကျမ်း၏ဤအပိုင်းနှင့်ပတ်သက်၍ အလွန်အရေးကြီးသောအင်္ဂါရပ်နှစ်ခုကို အမှတ်ရစေသည်_ ပထမ၊ ၎င်း၏ယုံကြည်စိတ်ချရမှုနှင့် ဒုတိယ၊ ၎င်း၏ရည်ရွယ်ချက်ရှိသောပုံစံဖြစ်သည်။

### ယုံကြည်စိတ်ချရမှု

သမ္မာကျမ်းစာ၏ ဤအပိုင်းသည် ဘုရားသခင်မှုတ်သွင်းထားသောကြောင့် လုံးဝယုံကြည်စိတ်ချရကြောင်းကို ခိုင်မာဆုံးသောဝေါဟာရများဖြင့် အသိအမှတ်ပြုနိုင်ပါသည်။ ယခု၊ သမ္မာကျမ်းစာ၏ ဤအပိုင်းကို ကျွန်ုပ်တို့လေ့လာသောအခါတွင်၊ သမိုင်းဆိုင်ရာပြဿနာများစွာပေါ်ထွက်လာပြီး၊ အချို့သောထိုပြဿနာများကို အပြည့်အဝဖြေရှင်းနိုင်ခြင်းမရှိသေးပါ။ သို့သော် ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက် ဘုရား၏မှုတ်သွင်းခြင်းသည် သမိုင်းဆိုင်ရာယုံကြည်စိတ်ချရမှုကို ရည်ညွှန်းကြောင်းပြောရန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဒ္ဒါမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လုံလောက်ပေလိမ့်မည်။ *မောရှေသည် သူ၏မူလစာဖတ်သူများအား ကမ္ဘာဦးကျမ်း၏ ဤအပိုင်းကို သမိုင်းအမှန်ဖြစ်ကြောင်း လက်ခံရန် ရည်ရွယ်ခဲ့သည်။ ယခု၊ သမ္မာကျမ်းစာအားလုံးကဲ့သို့ပင်၊ ၎င်း၏ သမိုင်းဆိုင်ရာ ရှုထောင့်များကို နားလည်မှုမလွဲစေရန်အတွက် ဤကျမ်းပိုဒ်များကို ကျွန်ုပ်တို့သည် ဂရုတစိုက်အနက်ပြန်ဆိုရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ၊ ကမ္ဘာဦးကျမ်း ၁–၁၁ ၏ဇာတ်လမ်းများသည် ယုံကြည်ထိုက်သောသမိုင်းဖြစ်ကြောင်းကို အခြားကျမ်းရေးသူများနှင့် ယေရှုကိုယ်တိုင်ပင် ယုံကြည်ခဲ့သည်မှာ ထင်ရှားပါသည်။ ဤသင်ခန်းစာများသည် ရှေးကာလ၌ အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် အစစ်အမှန်မှတ်တမ်းများနှင့် ယုံကြည်စိတ်ချရသော မှတ်တမ်းများဖြစ်ကြောင်း ယုံကြည်ချက်အပေါ် တည်ဆောက်သွားပါမည်။*

ရှေးဦးကမ္ဘာသမိုင်းသည် ယုံကြည်စိတ်ချရသည်ဟု ကျွန်ုပ်တို့ယုံကြည်နေသော်လည်း၊ ဤအခန်းများ၏အကြောင်းအရာကိုထူးခြားသောပုံစံတစ်ခုအရ ရွေးချယ်ပြီးစီစဉ်ရန် ဘုရားသခင်သည် မောရှေအားလှုံ့ဆော်ခဲ့ ကြောင်း ကျွန်ုပ်တို့ အမြဲသတိရနေရပါမည်။

## ပုံစံ

ထိုအရာကို ဤပုံစံဖြင့်စဉ်းစားကြည့်ပါ။ ကမ္ဘာဦးကျမ်း ၁–၁၁ သည် ဖန်ဆင်းခြင်းမှသည် ဘီစီ ၂၀၀၀-၁၈၀၀ ဝန်းကျင်တွင်နေထိုင်ခဲ့သော အာဗြဟံလက်ထက်အထိ ကမ္ဘာ၏သမိုင်းတစ်ခုလုံးကို လွှမ်းခြုံထားသည်။ မောရှေသည် ဤအခန်းဆယ့်တစ်ခန်းတွင်ထည့်သွင်းထားသည်ထက် ထိုကာလ၏ နောက်ထပ်ကမ္ဘာ့ဖြစ်ရပ်များစွာကို ချန်လှပ်ထားသည်ကို ကျွန်ုပ်တို့အားလုံး သဘောတူညီကြမည်ဖြစ်သည်။ ထို့ကြောင့်၊ ကမ္ဘာဦးကျမ်း ၁–၁၁ ကိုနားလည်ရန် ဤရွေးချယ်မှုအပြင် ဤအခန်းများ၏စီစဉ်ထားမှုကို သတိပြုရပါမည်။ မောရှေသည် ဤရှေးဦးကမ္ဘာသမိုင်းကို ရည်ရွယ်ချက်ဖြင့် မည်သို့ပုံဖော်ထားသည်ကို သတိပြုမိသည်နှင့်အမျှ၊ အလွန်အရေးကြီးသောမေးခွန်းအချို့ကို ကျွန်ုပ်တို့ဖြေဆိုနိုင်မည်ဖြစ်သည်။ ဤအချက်အလက်အနည်းငယ်ကို ထည့်သွင်းရန် မောရှေအား ဘုရားသခင်သည်အဘယ်ကြောင့် လှုံ့ဆော်ခဲ့သနည်း။ ထို့ပြင် မောရှေရွေးချယ်ထားသောအကြောင်းအရာများကို ဘုရားသခင်သည်အဘယ်ကြောင့် စီစဉ်ပေးခဲ့သနည်း။

မောရှေအနေဖြင့် အဘယ်ကြောင့်ရေးရခြင်း၏အကြောင်းရင်းကို နားလည်ရန်အတွက် သူ၏ ခေတ်ကာလတွင်တည်ရှိခဲ့သော စာပေဓလေ့ထုံးတမ်းများ၏နောက်ခံကို ဦးဆုံးလေ့လာရပါမည်။

# နောက်ခံသမိုင်း

ရှေးခေတ်အရှေ့အလယ်ပိုင်းရှိ စာပေသည် ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက် ပထမဦးစွာ အရေးကြီးခြင်းသည် မောရှေအတွက် အခြားရှေးမူလမှတ်တမ်းများကို ကျယ်ပြန့်စွာရရှိနိုင်ခြင်း၊ ဒုတိယအချက်မှာ မောရှေသည် အခြားရှေးမူလမှတ်တမ်းများနှင့် အမှန်တကယ်အပြန်အလှန်တုံ့ပြန်မှုရှိသောကြောင့်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## အသင့်ရရှိနိုင်မှု

မောရှေသည် ကမ္ဘာ့မူလဇစ်မြစ်အကြောင်း ရေးသားသည့် ပထမဆုံးလူမဟုတ်ကြောင်း ရှေးဟောင်းသုတေသနသည် သက်သေပြသည်။ သေချာသည်မှာ၊ ဘုရားသခင်သည် မောရှေအား မှုတ်သွင်းသောကြောင့် သူ၏မှတ်တမ်းသည် အမှန်ဖြစ်သည်။ သို့သော် အရှေ့အလယ်ပိုင်းရှိ တိုင်းနိုင်ငံများနှင့်လူမျိုးစုများသည် ရှေးဦးကမ္ဘာ့သမိုင်းနှင့်ပတ်သက်သည့် ဒဏ္ဍာရီများနှင့် ဝတ္ထုကဗျာများစွာကို ရေးသားခဲ့ပြီးသောအချိန်တွင် မောရှေရေးသားခဲ့သည်။

ဤရှေးဟောင်းကျမ်းအချို့သည် ထင်ရှားသည်။ လူများစွာသည် *Enuma Elish* သို့မဟုတ် ဗာဗုလုန်တို့၏ ဖန်ဆင်းခြင်းပုံပြင်၊ သို့မဟုတ် *Gilgamesh Epic* ၏ "Tablet Eleven" သို့မဟုတ် ဗာဗုလုန်တို့၏ ရေလွှမ်းမိုးခြင်းပုံပြင်ကဲ့သို့သောအရာများကို ကြားသိဖူးကြသည်။ ရှေးမူလမှတ်တမ်းများဆိုင်ရာအကြောင်းအရာများကို အီဂျစ်နှင့် ခါနန်တို့တွင်လည်း ရေးသားထားသည်။ ဤအရာများနှင့် ရှေးခေတ်ကာလမှ အခြားသော စာရွက်စာတမ်းများစွာသည် စကြာဝဠာ၏မူလအစနှင့် ကနဦးသမိုင်းတို့ကို ဆက်စပ်ပေးပါသည်။

ထိုမျှသာမက၊ ဤရှေးခေတ်အရှေ့အလယ်ပိုင်းရှိ ရှေးစာရွက်စာတမ်းများစွာသည် မောရှေအတွက်သူ၏ငယ်စဉ်အချိန်ကပင် ရရှိနိုင်ခဲ့သည်။ မောရှေသည် အီဂျစ်တော်ဝင်နန်းတော်များတွင် ပညာသင်ကြားခဲ့ပြီး၊ သူ၏ရေးသားချက်များသည် ရှေးခေတ်ကာလ၏စာပေများကို သိရှိကြောင်းဖော်ပြသည်။ မောရှေသည် ရှေးဦးကမ္ဘာ့သမိုင်းခေတ်၏ ဘုရားသခင်မှုတ်သွင်းတော်မူချက်နှင့် စစ်မှန်သောမှတ်တမ်းကို ရေးသားသောအခါ၊ ရှေးခေတ်အရှေ့အလယ်ပိုင်းရှိ အခြားသော စာပေဓလေ့ထုံးတမ်းများကို ကောင်းစွာသိရှိနားလည်ခဲ့သည်။

မောရှေအတွက် အခြားသော ရှေးမူလမှတ်တမ်းများ ရရှိနိုင်သည်ကို သိရှိရသဖြင့်၊ ယခုကျွန်ုပ်တို့သည် နောက်ထပ်မေးခွန်းတစ်ခုကို မေးရန် အနေအထားရှိနေပြီဖြစ်သည်_မောရှေသည်အခြားယဉ်ကျေးမှုများ၏ ဒဏ္ဍာရီများ၊ ဝတ္ထုကဗျာများနှင့် မည်သို့တုံ့ပြန်ခဲ့သနည်း။

## အပြန်အလှန်တုံ့ပြန်မှု

ဤသင်ခန်းစာအခန်းဆက်ဆောင်းပါးတစ်လျှောက်တွင် ကျွန်ုပ်တို့မြင်တွေ့ရသည့်အတိုင်း၊ မောရှေသည် အခြားသော ရှေးဦးကမ္ဘာ့သမိုင်းထုံးတမ်းစဉ်လာများနှင့် အဆိုးအကောင်းနှစ်ခုစလုံးနှင့် အပြန်အလှန်တုံ့ပြန်ခဲ့သည်။

တစ်ဖက်တွင်၊ မောရှေသည် အမှားများကို သမ္မာတရားနှင့် တန်ပြန်ရန် အစောပိုင်းကာလများ၏ သမိုင်းကို ရေးသားခဲ့သည်။ မောရှေဦးဆောင်သော ဣသရေလလူမျိုးသည် အယူမှားခြင်းအမျိုးမျိုး၏ လွှမ်းမိုးမှုကို ခံရကြောင်းကို ကျွန်ုပ်တို့အမြဲသတိရနေရမည်။ ကမ္ဘာသည် နတ်ဘုရားများစွာ၏ ကြိုးစားအားထုတ်မှုနှင့် ရုန်းကန်မှုများမှ ထွက်ပေါ်လာသည်ဟု ယုံကြည်ရန် သူတို့သည်သွေးဆောင်ခံရသည်။ သူတို့သည် ဘိုးဘေးများ၏ စစ်မှန်သောယုံကြည်ခြင်းကို ငြင်းပယ်ကြသည် သို့မဟုတ် ဤသမ္မာတရားကို အခြားလူမျိုးများ၏ ဘာသာရေးယုံကြည်ချက်များနှင့် ရောနှောပေါင်းစပ်ကြသည်။ များစွာသောကဏ္ဍ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

များတွင်၊ မောရှေသည် ရှေးဦးကမ္ဘာသမိုင်းခေတ်အချိန်တွင် အမှန်တကယ်ဖြစ်ပျက်ခဲ့သည်များကို ဘုရားသခင်၏လူများကို သွန်သင်ရန် သူ၏မှတ်တမ်းကို ရေးသားခဲ့သည်။ သူသည် အခြားဘာသာတရားများ၏ အမှားများကို ဆန့်ကျင်ကာ ယေဟောဝါ၏သမ္မာတရားကို တည်ဆောက်ရန် ကြိုးစားခဲ့သည်။

တစ်ချိန်တည်းမှာပင်၊ မောရှေသည် သူ၏ခေတ်စာပေထုံးတမ်းစဉ်လာများနှင့် အပြုသဘော အပြန်အလှန်တုံ့ပြန်ခြင်းဖြင့် မှားယွင်းသောဒဏ္ဍာရီများကို ချေပရန် ဤအဆိုးသဘောရည်ရွယ်ချက်ကို ပြီးမြောက်စေခဲ့သည်။ သူ၏ရေးသားချက်များသည် ရှေးခေတ်အရှေ့အလယ်ပိုင်းရှိ အခြားရှေးဟောင်း စာပေများနှင့် ရည်ရွယ်ချက်ရှိစွာဆင်တူသောကြောင့် သူသည် ဣသရေလလူမျိုးနားလည်နိုင်သည့် နည်းလမ်းဖြင့် ဘုရားသခင်၏သမ္မာတရားကို ဆက်သွယ်ပြောဆိုနိုင်သည်။ မောရှေ၏မှတ်တမ်းနှင့် အရေးကြီးသောကျမ်းချက်အများကြားတွင် ဆင်တူမှုများရှိသော်လည်း၊ မကြာသေးမီအတွင်း ရှေးဟောင်းသုတေသနသည် စာပေအစဉ်အလာတစ်ခုနှင့် သိသာစွာတူညီမှုတစ်ခုကို ထောက်ပြခဲ့သည်။

၁၉၆၉ ခုနှစ်တွင် *Atrahasis* ဟူသော ခေါင်းစဉ်အောက်တွင်အရေးကြီးသောစာတမ်းဖြစ်သည့် *ဗာဗုလုန်တို့၏ရေလွှမ်းမိုးခြင်းပုံပြင်* ကို ထုတ်ဝေခဲ့သည်။ ယခု ဤစာတမ်း၏အစဉ်အလာသည်မည်မျှ အထိ နောက်ကြောင်းပြန်ကြောင်း အတိအကျမသိနိုင်သော်လည်း၊ ယခင်သီးခြားစီသိထားခဲ့သော ဇာတ်လမ်း များစွာကို ဇာတ်လမ်းတစ်ပုဒ်ထဲတွင် စုစည်းထားသောကြောင့် ကျွန်ုပ်တို့အတွက် အရေးကြီးပါသည်။

*Atrahasis Epic* သည် အခြေခံ ဖွဲ့စည်းတည်ဆောက်ပုံသုံးပိုင်းကို လိုက်နာသည်_ လူသားမျိုးနွယ်ကို ဖန်ဆင်းခြင်းမှအစပြုသည်။ လူသားမျိုးနွယ်ကို ဖန်ဆင်းခြင်းနောက်တွင် အထူးသဖြင့် လူသားမျိုးနွယ်ကြောင့် ကမ္ဘာကြီး၏ယိုယွင်းပျက်စီးမှုအပေါ် အာရုံစိုက်သည့် အစောပိုင်းလူ့သမိုင်းမှတ်တမ်းကို မှတ်တမ်းတင်ထားသည်။ ထို့နောက် နောက်ဆုံးတွင်၊ ဤယိုယွင်းပျက်စီးမှုကို ရေလွှမ်းမိုးမှုတရားစီရင်ခြင်းနှင့် ကမ္ဘာသစ်အစီအစဉ်ဖြင့် ပြုပြင်ခဲ့သည်။

ကမ္ဘာဦးကျမ်းကို *Atrahasis* နှင့် နှိုင်းယှဉ်ခြင်းဖြင့် မောရှေသည် သူ၏မှတ်တမ်းကို ရည်ရွယ်ချက်ရှိစွာ ဆက်စပ်လွှမ်းခြုံသောဖွဲ့စည်းပုံဖြင့် ဖန်ဆင်းခဲ့သည်ဟူသော အယူအဆကို အခိုင်အမာထောက်ခံသည်။ ပထမအချက်တွင်၊ ကမ္ဘာဦးကျမ်း ၁ မှ ၁၁ သည် ဆက်စပ်ခြင်းသိပ်မရှိသောအကြောင်းအရာ တစ်ခုမှတစ်ခုသို့ ရွေ့လျားနေသော ကျမ်းပိုဒ်များကိုစုစည်းမှုတစ်ခုဟုထင်ရသော်လည်း၊ *Atrahasis* နှင့် ကျယ်ပြန့်သောစာပေဆိုင်ရာတူညီမှုများကို ရိုးရှင်းစွာသတိပြုမိခြင်းသည် မောရှေ၏ရှေးဦးကမ္ဘာသမိုင်းသည် ဆက်စပ်လွှမ်းခြုံသောဖွဲ့စည်းပုံပါရှိသော ဇာတ်လမ်းတစ်ခုအဖြစ်အတူတကွရှိနေသည်ကို တွေ့မြင်နိုင်စေသည်။

ကမ္ဘာဦးကျမ်း ၁–၁၁ တွင် အပိုင်းသုံးပိုင်းခွဲထားသည်_ ပထမ ၁:၁–၂:၃ အကောင်းဆုံးသော ဖန်ဆင်းခြင်း၊ ဒုတိယ ကမ္ဘာဦး ၂:၄–၆:၈ လူသား၏အပြစ်ကြောင့် ကမ္ဘာကြီးယိုယွင်းပျက်စီးခြင်း၊ ထို့နောက် နောက်ဆုံးတွင် ကမ္ဘာဦး ၆:၉–၁၁:၉ ရေလွှမ်းမိုးခြင်းနှင့် အသစ်သောအစီအစဉ် ဖြစ်သည်။

ယခု ကျွန်ုပ်တို့သည် တတိယမေးခွန်းကို မေးရန် အနေအထားတွင် ရှိနေပါသည်_ ကမ္ဘာဦးကျမ်း ၁–၁၁ ကို မောရှေအဘယ်ကြောင့်ရေးခဲ့သနည်း။ သူ၏ဣသရေလလူမျိုးစာဖတ်သူများကို မည်သည့် အရာတင်ပြလိုသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ရည်ရွယ်ချက်

အခြေခံအဆင့်တွင်၊ မောရှေသည် ဣသရေလလူမျိုးကို အတိတ်နှင့်သက်ဆိုင်သောသမ္မာတရား ကို သင်ပေးလိုကြောင်း ကျွန်ုပ်တို့စိတ်ချနိုင်သည်။ ကမ္ဘာသမိုင်း၏အစောပိုင်းကာလများတွင် သူတို့၏ ဘုရားသခင် လုပ်ဆောင်ခဲ့သောအရာများကို မောရှေသည်သူတို့ကို သိစေလိုသည်။ အခြားလူမျိုးများ၏ ဒဏ္ဍာရီများသည် လူများကို ထိုဒဏ္ဍာရီများ၏ရှုထောင့်များမှ ဆွဲဆောင်ရန်ရည်ရွယ်သကဲ့သို့ မောရှေ သည် ဣသရေလလူမျိုးတို့အား ယုံကြည်ခြင်း၏သမိုင်းဝင်သမ္မာတရားများကိုယုံကြည်လာစေရန် ကြိုးစားခဲ့သည်။

သို့သော် ပိုမိုနီးကပ်စွာဆန်းစစ်ကြည့်သောအခါ၊ မောရှေ၏ ရှေးဦးကမ္ဘာသမိုင်းနောက်ကွယ်တွင် အခြားရည်ရွယ်ချက်တစ်ခုကို ကျွန်ုပ်တို့တွေ့မြင်ရမည်ဖြစ်သည်။ အထူးသဖြင့်၊ ဣသရေလများသူတို့ ကိုယ်တိုင် ဘုရားသခင်၏အလိုတော်နှင့် လိုက်လျောညီထွေဖြစ်စေရန် လွှမ်းမိုးနိုင်ရန်အတွက်လည်း သူသည်ရေးခဲ့သည်။ ယခု၊ ဤအခြားနောက်ထပ်ရည်ရွယ်ချက်သည် ကမ္ဘာဦးကျမ်း ၁–၁၁ ကိုဖတ်သူ တိုင်းအတွက် အလွယ်တကူ ပေါ်လွင်ထင်ရှားသည်မဟုတ်ပါ၊ သို့သော် အခြားရှေးမူလမှတ်တမ်းများ သည်လည်း ဤရည်ရွယ်ချက်ကို မျှဝေထားသည်ကို သိရှိလာသည်နှင့်အမျှ ပိုမိုရှင်းလင်းလာပါသည်။

ရှေးခေတ်ကာလ၏မူလမှတ်တမ်းများ၏ ရည်ရွယ်ချက်ကို နားမလည်မီတွင်၊ စကြဝဠာသည် သဘာဝလွန်စကြာဝဠာဆိုင်ရာ ပညာရပ်တစ်ခုအရ ဖွဲ့စည်းတည်ဆောက်ပုံ သို့မဟုတ် ပုံစံချသည်ဟု ရှေးခေတ်အရှေ့အလယ်ပိုင်းရှိ ယဉ်ကျေးမှုများစွာက ယုံကြည်ကြောင်း နားလည်ထားရမည်ဖြစ်သည်။ ၎င်း၏အကောင်းဆုံးသောအခြေအနေတွင်၊ ဤဉာဏ်ပညာ သို့မဟုတ် ဘုရား၏အမိန့်တော်အတိုင်း စကြဝဠာသည် လည်ပတ်နေပါသည်။ ကောဇ်မှအစအစေခံအထိ လူ့အဖွဲ့အစည်းရှိ လူတိုင်း၏ တာဝန် သည် ဤဘုရားသခင့်အမိန့်တော်အတိုင်း အတတ်နိုင်ဆုံး လိုက်လျောညီထွေဖြစ်ရန် တာဝန်ရှိသည်။

ယခု ဤအရာသည် ရှေးခေတ်အရှေ့အလယ်ပိုင်းရှိ ကမ္ဘာဦးဒဏ္ဍာရီများနှင့် ဝတ္ထုကဗျာရောနှောမှု နှင့် မည်သို့သက်ဆိုင်သနည်း။ ဣသရေလပတ်ဝန်းကျင်ရှိ ယဉ်ကျေးမှုများသည် ခေတ်ကာလ၏အစပိုင်း အဖြစ်အပျက်များအကြောင်း ပြောဆိုသည့်ရှေးမူလမှတ်တမ်းများဖြစ်သည်။ ရှေးခေတ်တွင်ကမ္ဘာပေါ် နတ်ဘုရားများ တည်ဆောက်ခဲ့သော ဤဖွဲ့စည်းပုံများကို ရှင်းပြဖို့ရန် သူတို့ဤအရာကိုလုပ်ခဲ့ကြသည်။ ရှေးခေတ်ကာလများနှင့်ပတ်သက်သော သူတို့၏ဓလေ့ထုံးတမ်းများသည် ရှေးဦးကမ္ဘာသမိုင်းနှင့်သာ သက်ဆိုင်သည်မဟုတ်ပါ။ သူတို့၏လက်ရှိ ဘာသာရေးနှင့် လူမှုရေး အစီအစဉ်များသည်မှန်ကန်ကြောင်း ဖော်ပြရန်အတွက် ရှေးမူလမှတ်တမ်းများကို သူတို့ရေးခဲ့ကြသည်။ အကြောင်းအရာများသည် ၎င်းတို့၏ အချိန်ကာလတွင် မည်သို့မည်ပုံဖြစ်ရမည်ကို ပြသရန်အတွက် နတ်ဘုရားများအနေဖြင့် ကမ္ဘာကြီးအား မူလစီစဉ်ထားပုံနည်းလမ်းများကို ယဇ်ပုရောဟိတ်များဖြစ်ကြသော ဤကျမ်းရေးသူများသည် ထောက် ပြကြသည်။ တစ်ခါတစ်ရံတွင် သူတို့သည် ဗိမာန်တော်များ၊ ယဇ်ပုရောဟိတ်များနှင့် ထုံးတမ်းဓလေ့များ ကဲ့သို့သော ဘာသာရေးဆိုင်ရာကိစ္စရပ်များကို အထူးအာရုံစိုက်ကြသည်။ မည်သည့်ဗိမာန်တော်သည် နတ်ဘုရားများ၏မျက်နှာသာပေးခြင်းရှိပြီး၊ မည်သည့်ယဇ်ပုရောဟိတ်မိသားစုသည် အမှုထမ်းမည်နည်း။ အခြားအချိန်များတွင်၊ ၎င်းတို့သည် နိုင်ငံရေးအာဏာနှင့် ဥပဒေများကဲ့သို့သော ကျယ်ပြန့်သောလူမှု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖွဲ့စည်းပုံများနှင့် ပတ်သက်နေသည်။ မည်သူ ဘုရင်ဖြစ်မည်နည်း။ အဘယ်ကြောင့် အချို့သောလူများသည်ကျွန်ဖြစ်ကြသနည်း။ သူတို့၏ဒဏ္ဍာရီများသည် နတ်ဘုရားများ၏ ဖန်ဆင်းခြင်းဆိုင်ရာဓမ္မသတ်စည်းမျဉ်းများဖြစ်ပြီး၊ စကြဝဠာအတွက် ၎င်းတို့သတ်မှတ်ထားသော ဖွဲ့စည်းပုံများနှင့် လိုက်လျောညီထွေဖြစ်စေရန် လူများကိုသွန်သင်ကြသည်။

ဤသင်ခန်းစာများတွင် ကျွန်ုပ်တို့မြင်တွေ့ရသည့်အတိုင်း၊ မောရှေသည် ကမ္ဘာဦးကျမ်း ၁–၁၁ ကို အလွန်ဆင်တူသောအကြောင်းပြချက်များဖြင့် ရေးသားခဲ့သည်။ တစ်ဖက်တွင်၊ မောရှေသည်ရှေးကာလ၌ ယေဟောဝါသည် ကမ္ဘာကြီးကိုဖန်ဆင်းပြီး စီစဉ်ထားပုံများကိုအာရုံစိုက်ကာ သူ၏ဤရှေးဦးကမ္ဘာသမိုင်းကို ရှင်းလင်းစွာရေးသားခဲ့သည်။ ဖန်ဆင်းခြင်းမှသည် ဗာဗုလုန်ရဲတိုက်အထိ၊ မောရှေသည် ဣသရေလအမျိုးအား ရှေးကာလ၌ဖြစ်ပျက်ခဲ့သောအရာများအကြောင်း ပြောပြခဲ့သည်။ သို့သော် သမိုင်းဆိုင်ရာအကျိုးရှိမှုအတွက်သာ ဤအရာကို သူသည်လုပ်ဆောင်ခဲ့သည်မဟုတ်။ မောရှေသည် ဣသရေလလူတို့ကို အီဂျစ်ပြည်မှ ကတိတော်ပြည်သို့ ပို့ဆောင်စဉ်တွင်၊ သူသည် ဣသရေလတို့ကိုလှည့်ဖြားသည်ဟု ယုံကြည်သော အတိုက်အခံများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ဤဆန့်ကျင်မှုကို တုံ့ပြန်သည့်အနေနှင့်၊ ဣသရေလအတွက် မောရှေ၏မူဝါဒများနှင့် ပန်းတိုင်များသည် စကြဝဠာအတွက် ဘုရားသခင်၏ပုံစံပြုခြင်းနှင့်မှန်ကန်မှုရှိကြောင်း ရှေးဦးကမ္ဘာသမိုင်းသည် သက်သေပြသည်။ ရလဒ်အနေနှင့်၊ မောရှေ၏အစီအစဉ်ကိုတွန်းလှန်ခြင်းသည် ဘုရားသခင်၏ဓမ္မသတ်စည်းမျဉ်းများကို တွန်းလှန်ခြင်းဖြစ်သည်။

ကမ္ဘာဦး ၁:၁–၂:၃ တွင်တွေ့ရသည့် အကောင်းဆုံးသောဖန်ဆင်းခြင်းဆိုင်ရာ သူ၏မှတ်တမ်းတွင်၊ ဣသရေလလူမျိုးသည် ခါနန်ပြည်သို့သွားခြင်းဖြင့် ဘုရားသခင်၏စံနမူနာဆီသို့ အမှန်တကယ် လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း မောရှေပြသခဲ့သည်။ ၂:၄–၆:၈ တွင်တွေ့ရသည့် ကမ္ဘာကြီး၏ယိုယွင်းပျက်စီးမှုဆိုင်ရာ သူ၏မှတ်တမ်းတွင်၊ အီဂျစ်ပြည်သည် ယိုယွင်းပျက်စီးမှုနှင့် ဆင်းရဲခက်ခဲမှုများ၏နေရာဖြစ်ကြောင်း မောရှေဖော်ပြခဲ့ပြီး၊ ၎င်းသည် ဘုရားသခင်၏အပြစ်အတွက်ကျိန်ခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ နောက်ဆုံးတွင်၊ ကမ္ဘာဦးကျမ်း ၆:၉–၁၁:၉ ရှိရေလွှမ်းမိုးခြင်းနှင့် အသစ်သောအစီအစဉ်ဆိုင်ရာ သူ၏မှတ်တမ်းတွင်၊ နောသည် အသစ်သောအစီအစဉ်နှင့် ကောင်းချီးများကိုလောကသို့ ယူဆောင်လာသကဲ့သို့ သူသည်လည်း ဣသရေလလူမျိုးများအား ကောင်းချီးများစွာဖြင့် အစီအစဉ်သစ်သို့ ခေါ်ဆောင်လာကြောင်း မောရှေဖော်ပြခဲ့သည်။ ဤရှေးဦးကမ္ဘာသမိုင်း၏အချက်အလက်များသည် ဣသရေလ၏အနာဂတ်အတွက် မောရှေ၏ရူပါရုံအား အပြည့်အဝမှန်ကန်ကြောင်းဖော်ပြသည်။ ဤသမ္မာတရားကို ဣသရေလတို့လက်ခံယုံကြည်အောင် သူသည်လုပ်ဆောင်နိုင်လျှင်၊ ဣသရေလလူမျိုးမှ သစ္စာရှိသူများသည် အီဂျစ်ပြည်မှထွက်သွားပြီး ခါနာန်ပြည်ကို သူတို့ဘုရား၏အမွေဥစ္စာအဖြစ် သိမ်းယူကြလိမ့်မည်။

ယခု အခန်းကြီး ၁–၁၁ ၏ရှေးဦးကမ္ဘာသမိုင်းဆိုင်ရာ ယေဘုယျချဉ်းကပ်နည်းကို မိတ်ဆက်ပေးခဲ့ပြီဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်း၏ ပထမအပိုင်းအသေးစိတ်များကို လေ့လာရန် အနေအထားတွင် ရှိနေသည်_ ကမ္ဘာဦး ၁:၁–၂:၃ တွင်ဖော်ပြထားသော ဘုရားသခင်၏အကောင်းဆုံးသော ကမ္ဘာအကြောင်းဖြစ်သည်။

စာပေဆိုင်ရာဖွဲ့စည်းပုံတွင် ယုံကြည်သူအများစုသည် သမ္မာကျမ်းစာ၏အဖွင့်အခန်းကို စဉ်းစားသည့်အခါ၊ ၎င်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်သော အငြင်းပွားမှုများအားလုံးကို စဉ်းစားကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘောဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် သာမန်ခြောက်ရက်အတွင်း ကမ္ဘာကြီးကို ဖန်ဆင်းခဲ့ပါသလား။ ကမ္ဘာဦးကျမ်း ၁ ၏ "နေ့ရက်များ" သည်ခေတ်ကာလများလော။ သို့မဟုတ် ကမ္ဘာဦးကျမ်း ၁ သည် ဘုရား၏ဖန်ဆင်းခြင်း လုပ်ဆောင်ချက်အတွက် သမိုင်းမဟုတ်သော ကဗျာဆန်သည့်ချီးမွမ်းခြင်းတစ်ခုလော။ ဤအနေအထား များအားလုံးသည် ယုံကြည်သူများအတွင်း လက်ခံနိုင်ဖွယ်ရှိသည်။ ကျွန်ုပ်၏ကိုယ်ပိုင်အမြင်မှာ ဘုရား သခင်သည်ဤလောကကို ယနေ့ကျွန်ုပ်တို့သိသည့် သာမန်ခြောက်ရက်အတွင်း ဖန်ဆင်းကြောင်း ကမ္ဘာဦး ကျမ်း ၁ ၌သွန်သင်ထားသော်လည်း၊ သမ္မာကျမ်းစာကိုယုံကြည်သူခရစ်ယာန်အားလုံးသည် ဤအမြင်ကို မခံယူကြပါ။

ဤသင်ခန်းစာများတွင် ကမ္ဘာဦးကျမ်း၏အဖွင့်အခန်းများကို ချဉ်းကပ်လေ့လာသည်နှင့်အမျှ ကျွန်ုပ်တို့၏အလေးထားမှုသည် ဤကဲ့သို့သောသမိုင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ မဟုတ်ပါ။ စာပေဆိုင်ရာမေးခွန်းများကို ပိုအလေးထားသည်။ မောရှေသည် ဤအခန်းကို မည်သို့နှင့်အဘယ်ကြောင့် ရေးသားခဲ့သည်ကို ကျွန်ုပ်တို့ ပို၍စိတ်ဝင်စားကြသည်။ ဤကျမ်းပိုဒ်တွင် မည်သည့်စာပေဖွဲ့စည်းပုံများ တွေ့ရသနည်း။ မောရှေ၏ရည်ရွယ်ချက်နှင့်ပတ်သက်၍ ဤဖွဲ့စည်းပုံများသည် ကျွန်ုပ်တို့ကို မည်သို့ကူညီ ပေးသနည်း။

ဤကျမ်းပိုဒ်တွင် အဓိကအဆင့်သုံးဆင့်ရှိပြီး အစ၊ အလယ်၊ အဆုံးဟူ၍ မှတ်သားခြင်းဖြင့် စတင် သင့်သည်။ မောရှေ၏ဖန်ဆင်းခြင်းမှတ်တမ်းသည် ၁:၁-၂ ဖြင့် စတင်သည်။ဤကျမ်းပိုဒ်များ၏အကြောင်း အရာကို "ရှုပ်ထွေးသောအမှောင်ကမ္ဘာ" အဖြစ် အကျဉ်းချုပ်နိုင်သည်။ အခန်း ၁:၃-၃၁ သည် "ဖန်ဆင်း ခြင်းခြောက်ရက်" သို့မဟုတ် "ခြောက်ရက်တာအစီအစဉ်" ဟုခေါ်သည့် ဤအကြောင်းအရာ၏အလယ် အပိုင်းကို ဖွဲ့စည်းထားသည်။ နောက်ဆုံးတွင်၊ ၂:၁-၃ သည်ဥပုသ်နေ့ဖြစ်သည်၊ သို့မဟုတ် ၎င်းကိုကျွန်ုပ်တို့ သည် "အကောင်းဆုံးသောကမ္ဘာ" ဟုခေါ်ဆိုကြသည်။

ဤသင်ခန်းစာတွင် ဤဖွဲ့စည်းပုံ၏ အပိုင်းသုံးပိုင်းစလုံးကို ရှုပ်ထွေးသောအမှောင်ကမ္ဘာမှအစပြု ၍ လေ့လာမည်။ ဒုတိယ၊ အကောင်းဆုံးသောကမ္ဘာနှင့် ပတ်သက်သည့် နောက်ဆုံးအပိုင်းကိုလေ့လာ မည်။ နောက်ဆုံးတွင်၊ ကျွန်ုပ်တို့သည် ခြောက်ရက်တာအစီအစဉ်ကို လေ့လာပါမည်။ ၁:၁-၂ ၏ရှုပ်ထွေး သောအမှောင်ကမ္ဘာအကြောင်းကို ဦးစွာကြည့်ကြပါစို့။

## ရှုပ်ထွေးသောအမှောင်ကမ္ဘာ

ကမ္ဘာဦးကျမ်း ၁ ၏ပထမအပိုင်းကိုကြည့်ပါက၊ ကမ္ဘာမြေကို ဖုံးလွှမ်းနေသော ရှုပ်ထွေးမှုများနှင့် ဘုရားသခင်၏ ဝိညာဉ်တော်ကြားတွင် အလွန်အရေးကြီးပြီး ထင်ရှားသည့်အားပြိုင်မှုကို ကျွန်ုပ်တို့တွေ့ မြင်ရသည်။

၁:၁-၂ ၏အစပြုခြင်းသည် အပိုဒ်ငယ် ၁ တွင်ခေါင်းစဉ်တစ်ခုပေးကာအခန်းငယ် ၂ တွင်ကမ္ဘာ၏ ကနဦးအခြေအနေကိုဖော်ပြခြင်းဖြင့်ကာလကိုသတ်မှတ်သည်။ ၁:၂ တွင် မောရှေ မိန့်ဆိုပုံကို နားထောင် ပါ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မြေကြီးသည် အဆင်းသဏ္ဌာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာအရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏ (ကမ္ဘာဦး ၁:၂)။

ဤအခန်းငယ်သည် ဤအခန်းတစ်ခုလုံးတွင် စီးဆင်းနေသော ထင်ရှားသည့်အားပြိုင်မှုကို မိတ်ဆက်ပေးသည်။ ဤအားပြိုင်မှု၏တစ်ဖက်တွင်၊ ကမ္ဘာကြီးသည် "အဆင်းသဏ္ဌာန်မရှိ၊ လွတ်လပ် လဟာဖြစ်၏" သို့မဟုတ် ဟေဗြဲဘာသာဖြင့် *tōhû wābōhû* (תֹהוּ וָבֹהוּ)။ ဤဟေဗြဲအသုံးအနှုန်းသည် မည်သည့်အဓိပ္ပာယ်ကိုဆိုလိုကြောင်း တိကျစွာသိရန် သမ္မာကျမ်းစာတွင် ဖော်ပြမထားပါ။ သို့သော် ကမ္ဘာကြီးသည် လူမနေထိုင်နိုင်သော၊ ကန္တာရ သို့မဟုတ် တောကန္တာရကဲ့သို့ လူ့အသက်အတွက် အန္တရာယ်ရှိသောအရပ်ဟုဆိုလိုကြောင်း ပညာရှင်အများ ယုံကြည်ကြသည်။ ထို့ကြောင့်၊ ဤကျမ်းပိုဒ်၏ အစတွင် လူမနေနိုင်သော၊ မှောင်မိုက်သော၊ ကမ္ဘာဦးအစနှင့်ဆိုင်သော၊ ရှုပ်ထွေးသောနက်နဲမှုသည် ကမ္ဘာ တစ်ခုလုံးကို ဖုံးလွှမ်းထားသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။

ထင်ရှားသည့်အားပြိုင်မှု၏ဒုတိယအကြောင်းအရာကို ၁:၂ တွင်လည်းတွေ့ရသည်။ ၎င်းတွင် "ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏"ဟုမောရှေရေးခဲ့သည်။ ဤ နေရာတွင်သုံးသော ဟေဗြဲအသုံးအနှုန်းသည် *merachefet* (מְרַחֶפֶת) ဖြစ်ပြီး "အပေါ်တွင် ပျံသန်းရန်" သို့မဟုတ် "အပေါ်တွင်ဝန်းရံရန်" ဟုအဓိပ္ပာယ်ရသည်။

ထို့ကြောင့် ဤကျမ်းပိုဒ်၏အစတွင် အလွန်အံ့သြစရာကောင်းသည့်အခြေအနေတစ်ခုကို ကျွန်ုပ် တို့မြင်တွေ့ရသည်။ ကမ္ဘာမြေကြီးတစ်ဖက်တွင် ရှုပ်ထွေးမှုများ၊ တစ်ဖက်တွင် ဘုရားသခင်၏ ဝိညာဉ် တော်သည် မငြိမ်မသက်မှုများ၏အထက်တွင် လှုပ်ရှားနေသည်ကို ကျွန်ုပ်တို့မြင်ရသည်။ အမှန်တကယ်၊ ဘုရားသခင်သည် ကမ္ဘာမြေကြီးကို ဖုံးလွှမ်းနေသည့်ရှုပ်ထွေးမှုများကို ကုစားခြင်းအားလုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ဤကနဦး ထင်ရှားသည့်အားပြိုင်မှုသည် မေးခွန်းများစွာကို ဖြစ်ပေါ်စေ သည်_ ဘုရားသခင်၏ဝိညာဉ်တော်သည် မည်သည့်အရာလုပ်ဆောင်မည်နည်း။ ရှုပ်ထွေးမှုများနှင့်ပတ် သက်၍ မည်သို့ဖြစ်လိမ့်မည်နည်း။ ဤအဖွင့်အခန်းငယ်များ၏ ထင်ရှားသည့်အားပြိုင်မှုအား စိတ်ထဲ မှတ်ထားခြင်းနှင့်အတူ၊ ကျွန်ုပ်တို့သည် မောရှေ၏ဖန်ဆင်းခြင်းမှတ်တမ်း၏ နောက်ဆုံးအပိုင်းဖြစ်သော_ ကမ္ဘာဦး ၂:၁-၃ တွင်တွေ့ရသော အကောင်းဆုံးသောကမ္ဘာ၏ ဤအားပြိုင်မှု၏ဖြေရှင်းချက်ကို ကြည့်ရှု ရန် အနေအထားတွင်ရှိနေသည်။

## အကောင်းဆုံးသောကမ္ဘာ

ဤကဏ္ဍသည် အလွန်ရိုးရှင်းစွာဖွဲ့စည်းတည်ဆောက်ထားပါသည်။ ဘုရားသခင်သည် သူ၏ ဖန်ဆင်းခြင်းကို အပြီးသတ်ခဲ့ကြောင်း အကျဉ်းချုပ်ဖော်ပြချက်နှင့်အတူ ၂:၁ တွင် စတင်ခဲ့ပြီး၊ ၂:၂-၃ တွင် ဘုရားသခင်ငြိမ်ဝပ်စွာနေတော်မူခြင်း ပါဝင်သည်။ ကမ္ဘာဦး ၂:၂-၃ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သတ္တမနေ့ရက်ရောက်လျှင်၊ ဘုရားသခင်သည် ဖန်ဆင်းသောအမှုကို လက်စသတ်တော်မူခဲ့ပြီးသည် ဖြစ်၍၊ ဖန်ဆင်းသမျှသော အမှုအရာတို့သည် ပြီးစီးပြီးမှ၊ ထိုသတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုသတ္တမနေ့ကို ဘုရားသခင်သည် ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏ (ကမ္ဘာဦး ၂း၂-၃)။

ဘုရားသခင်သည် ဥပုသ်နေ့၌ငြိမ်ဝပ်စွာနေတော်မူသည့်အခြေအနေ၊ ထိုနေ့အား အထူးကောင်းကြီးပေးကာ သန့်ရှင်းစေကြောင်း မောရှေဖော်ပြသောအခါ၊ ရှုပ်ထွေးမှုများနှင့် ဘုရားသခင်၏ လှုပ်ရှားတော်မူသောဝိညာဉ်တော်အကြား အားပြိုင်မှုများသည် ပြေလည်သွားပြီဖြစ်ကြောင်း မောရှေကြေညာခဲ့သည်။ ဘုရားသခင်သည် အမှောင်ကိုချေမှုန်းပြီး၊ ရှုပ်ထွေးသောနက်နဲမှုကိုအုပ်စိုးကာ၊ သူ၏ အကောင်းဆုံးစီစဉ်ထားသောကမ္ဘာတွင် မွေ့လျော်ခဲ့သည်။ ဖန်ဆင်းခြင်းဇာတ်လမ်းသည် ပြီးပြည့်စုံသော သဟဇာတဖြစ်မှုဖြင့် စကြဝဠာဆိုင်ရာ ကြည်နူးဖွယ်ကောင်းသော ငြိမ်းချမ်းသောရှုပါရုံဖြင့် အဆုံးသတ်ပါသည်။

ယခု ကျွန်ုပ်တို့သည် မောရှေ၏ဖန်ဆင်းခြင်းမှတ်တမ်းသည် မည်သို့စတင်ကာ မည်သို့အဆုံးသတ်သည်ကို မြင်ရပြီးနောက်၊ ရှုပ်ထွေးသောကမ္ဘာနှင့် ဘုရားသခင်၏လှုပ်ရှားတော်မူသော ဝိညာဉ်တော်ကြား အားပြိုင်မှုကို မည်သို့ဖြေရှင်းကြောင်း ဖော်ပြထားသည့် ဤကျမ်းပိုဒ်၏အလယ်အပိုင်းကို ကြည့်သင့်သည်။

# ခြောက်ရက်တာအစီအစဉ်

ဤကျမ်းပိုဒ် ၁:၃-၃၁ တွင်ဖော်ပြထားသော အံ့သြဖွယ်ခြောက်ရက်တာအစီအစဉ်အရ ကမ္ဘာကြီးအားစီစဉ်ထားရှိခြင်းဖြင့် ဘုရားသခင်သည် ရှုပ်ထွေးမှုများကို ထိန်းချုပ်ထားသည်ဟု သွန်သင်သည်။ မောရှေသည် "ဘုရားသခင်မိန့်တော်မူသည်" ဟူသောစကားစုဖြင့် လုပ်ဆောင်ချက်များကို ထပ်ခါတလဲလဲ မိတ်ဆက်ပေးသည်ကိုမြင်ရသောအခါ ဤအကြောင်းအရာ၏ အဓိကအထူးပြုချက်သည် ပေါ်လွင်ထင်ရှားလာသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ဤအကြောင်းအရာ၏ အဓိကဇာတ်ကောင်ဖြစ်သောကြောင့်၊ သူ၏တန်ခိုးကြီးသောအမိန့်တော်သည် ဤကျမ်းပိုဒ်များ၏ အထူးပြုချက်ဖြစ်သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည်သာလျှင် ကမ္ဘာကြီးသို့ ကြီးကျယ်ခမ်းနားသောအစီအစဉ်ကို ယူဆောင်လာခဲ့သည်။ အခြားသောယဉ်ကျေးမှုများမှ ဒဏ္ဍာရီလာနတ်ဘုရားများနှင့် မတူဘဲ၊ ဣသရေလ၏ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်းတွင် ခက်ခဲရုန်းကန်မှုများနှင့် တိုက်ပွဲများမရှိပါ။ သူသည် မိန့်တော်မူယုံမျှဖြင့် ကမ္ဘာကြီးသည် မှန်ကန်သောအစီအစဉ်တကျဖြစ်တည်လာသည်။ ၎င်းအပြင်၊ ဘုရားသခင်၏နှုတ်တော်ထွက်စကားသည် သူ၏ တန်ခိုးကြီးသောဉာဏ်ပညာကို ပြသသည်။ ဘုရားသခင်အနေဖြင့် ကမ္ဘာကြီးအားအစီအစဉ်တကျဖြစ်စေပြီး သူ့အတွက် အကောင်းဆုံးဟု မှတ်ယူခဲ့သည်။

ဘုရားသခင်စီစဉ်သော ဖန်ဆင်းခြင်းနေ့ရက်များသည် ၁ ရက်မှ ၃ ရက်နှင့် ၄ ရက်မှ ၆ ရက်အထိ သုံးရက်တာနှစ်စုံခွဲထားကြောင်း အနက်ပြန်သူများအသိအမှတ်ပြုကြသည်။ ဤနေ့ရက်နှစ်စုံကြားရှိ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆက်စပ်မှုများကို ပုံစံအမျိုးမျိုးဖြင့် ဖော်ပြထားပြီး၊ အပြန်အလှန်ချိတ်ဆက်မှုများလည်း အများအပြား ရှိသည်။

ဤပုံစံများကို မိတ်ဆက်ပေးရန် အထောက်အကူဖြစ်စေသော နည်းလမ်းတစ်ခုမှာ ကမ္ဘာဦး ၁:၂ ပါ ကမ္ဘာမြေကြီးအကြောင်း ဖော်ပြချက်ဖြစ်သည်။ မောရှေက မြေကြီးသည် အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာဖြစ်သည် *tōhû wābōhû* (תֹהוּ וָבֹהוּ)ဟု မောရှေပြောခဲ့သည်ကို သင်မှတ်မိလိမ့်မည်၊ သုံးရက်တာနှစ်စုံ၏ အဓိပ္ပါယ်ကိုရှင်းပြရန် ဤအသုံးအနှုန်းများကို သုံးနိုင်သည်။

တစ်ဖက်တွင်၊ ပထမသုံးရက်အတွင်း ကမ္ဘာမြေသည် "အဆင်းသဏ္ဍာန်မရှိ" ဟူသောအချက်ကို ဘုရားသခင်ဖော်ပြခဲ့သည်။ ဆိုလိုသည်မှာ၊ သူသည် အပိုင်းအခြားတစ်ခုမှ အခြားတစ်ခုကို ခွဲထုတ်ပြီး သူ၏ဖန်ဆင်းခြင်းအတွင်း မျက်နှာပြင်များ သို့မဟုတ် နယ်ပယ်များကို ပုံဖော်ခြင်းဖြင့် သူ၏ဖန်ဆင်းခြင်း ပုံစံကို ဖော်ဆောင်ခဲ့သည်။ အခြားတစ်ဖက်တွင်၊ လွန်ခဲ့သောသုံးရက်အတွင်း၊ ရှုပ်ထွေးနေသောကမ္ဘာ သည် "လွတ်လပ်လဟာ" သို့မဟုတ် "ဟင်းလင်းပြင်" ဖြစ်သည်ဟူသောအချက်ကို ဘုရားသခင်ဖော်ပြ သည်။ ဘုရားသခင်၏ဖြေရှင်းချက်မှာ သူဖန်ဆင်းထားသည့်နယ်ပယ်အမျိုးမျိုးကို နေထိုင်သူများဖြင့် ဖြည့်ဆည်းရန်ဖြစ်သည်။

ပထမသုံးရက်ကို စဉ်းစားကြည့်ပါ။ ပထမရက်တွင်၊ ဘုရားသခင်သည် နေ့၏နယ်ပယ်ကို ညနှင့် ပိုင်းခြားခဲ့သည်။ နေမထွက်မီကပင်၊ ဘုရားသခင်သည် မှောင်မိုက်ပြီးရှုပ်ထွေးသောကမ္ဘာကြီး၏ အမှောင် ထဲတွင် အလင်းရောင်ကို ထွန်းလင်းစေခဲ့သည်။

နှစ်ရက်မြောက်နေ့တွင်၊ ဘုရားသခင်သည် မြေကြီးအထက်တွင် အမိုးခုံး သို့မဟုတ် မိုဃ်းမျက်နှာ ကြက်ကို ဖြန့်ထားခြင်းဖြင့် အောက်ရေနှင့် အထက်ရေများကို ပိုင်းခြားထားသည်။ ဤဘုရားသခင်၏ လုပ်ဆောင်ချက်သည် ကျွန်ုပ်တို့ကမ္ဘာကြီး၏လေထုဟုခေါ်သော အထက်မိုဃ်းမျက်နှာကြက်အပေါ် ရှိ ရေနှင့် မိုဃ်းမျက်နှာကြက်အောက်ရှိရေများကိုဖြစ်ပေါ်စေသည်။

သုံးရက်မြောက်သောနေ့တွင်၊ ဘုရားသခင်သည် ကုန်းမြေကို ပင်လယ်များနှင့် ပိုင်းခြားခဲ့သည်။ သမုဒ္ဒရာများသည် မြေကြီး၏နယ်မြေများအဖြစ်သို့ စုစည်းလာကြကာ ကုန်းမြေဖြစ်ပေါ်လာသည်။ မြေပေါ်တွင် အသီးအနှံများ စတင်ပေါက်ရောက်လေသည်။ ထို့ကြောင့် ပထမသုံးရက်တွင် ဘုရားသခင် သည်အဆင်းသဏ္ဍာန်မရှိသောကမ္ဘာအား အသွင်သဏ္ဍာန်ဖော်ဆောင်ခဲ့သည်။ အလင်းနှင့်အမှောင်၊ ကောင်းကင်သည် အထက်ရေနှင့် အောက်ရေကို ပိုင်းခြား၍၊ မြေကြီးသည်ကုန်းမြေစသည့် နယ်ပယ်များ ကို ပိုင်းခြားတည်ဆောက်တော်မူသည်။

မောရှေ၏မှတ်တမ်းအရ၊ ဘုရားသခင်သည် ပထမသုံးရက်အတွင်း နယ်ပယ်များဖန်ဆင်းခြင်းဖြင့် ကမ္ဘာမြေကြီး၏အဆင်းသဏ္ဍာန်မရှိခြင်းကိုဖော်ဆောင်ပြီးသည်နှင့် နောက်ဆုံးသုံးရက်အတွင်း ဤနယ် ပယ်များတွင် နေထိုင်မည့်သူများကို နေရာချထားခြင်းဖြင့် ကမ္ဘာမြေကြီး၏လွတ်လပ်လဟာဖြစ်ခြင်းကို ဖြေရှင်းခဲ့သည်။လေးရက်မြောက်နေ့တွင် ဘုရားသခင်သည် ပထမနေ့တွင် ဖန်ဆင်းခဲ့သော အလင်းနှင့် အမှောင်နယ်ပယ်တို့ကို ပြည့်စေရန်အတွက် နေ၊ လနှင့် ကြယ်များကို ကောင်းကင်တွင် နေရာချခဲ့သည်။ ဤကောင်းကင်အဆင်းတန်ဆာများကိုကောင်းကင်တွင်ထားခြင်းသည် နေ့နှင့်ညကို အုပ်စိုးရန်နှင့်သီးခြား ခွဲထားရန်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပဥ္စမနေ့တွင်၊ ဘုရားသခင်သည် လေထဲတွင်ငှက်များနှင့် သမုဒ္ဒရာများတွင် ပင်လယ်သတ္တဝါများကိုနေရာချခဲ့သည်။ ဤနေထိုင်သူများသည် ဒုတိယနေ့တွင်ဖြစ်ပေါ်လာသည့် အထက်အောက်ရေနယ်ပယ်များတွင် ပြည့်စေခဲ့ကြသည်။

နောက်ဆုံး၊ ဆဋ္ဌမနေ့၌ ဘုရားသခင်သည် တိရစ္ဆာန်များနှင့် လူသားတို့ကို သွေ့ခြောက်သောမြေ၌ နေရာချပေးခဲ့သည်။ ဤသူတို့သည် သုံးရက်မြောက်နေ့တွင်ပင်လယ်မှဖြစ်ပေါ်လာသော သွေ့ခြောက်သောမြေကိုပြည့်စေကြသည်။ မောရှေသည် ဖန်ဆင်းခြင်းတစ်ခုလုံးကို ဤနယ်ပယ်များနှင့် နေထိုင်သူများထံ စုဝေးစေခဲ့သည်။ စကားလုံးတစ်လုံးဖြင့်ဆိုရသော်၊ ဘုရားသခင်သည် ရှုပ်ထွေးသောအမှောင်ကမ္ဘာထံ ခမ်းနားသောအစီအစဉ်ကိုခြောက်ရက်ကြာ ယူဆောင်လာခဲ့သည်။ ကိုယ်တော်၏လုပ်ဆောင်မှုသည် အလွန်အံ့ဩဖွယ်ကောင်းပြီး ဘုရားသခင်သည်ခြောက်ကြိမ်တိုင် မိန့်တော်မူသည်–

"ကောင်းသည်" (ကမ္ဘာဦး ၁:၄၊ ၁၀၊ ၁၂၊ ၁၈၊ ၂၁၊ ၂၅)။

ကုန်းမြေ၌ လူသားတို့ကိုဖန်ဆင်းပြီးနောက်၊ မိန့်တော်မူသည်မှာ–

"အလွန်ကောင်းသည်" (ကမ္ဘာဦး ၁:၃၁)။

မောရှေသည် မိမိပြုသောအမှုအပေါ် ဘုရားသခင်သည်အလွန်နှစ်သက်တော်မူကြောင်း ရှင်းလင်းစွာဖော်ပြခဲ့သည်။ ထို့ကြောင့် ကမ္ဘာဦး ၁:၁–၂:၃ တွင် ရည်ရွယ်ချက်ရှိခြင်းနှင့် ရှုပ်ထွေးသောဖွဲ့စည်းပုံရှိကြောင်း ကျွန်ုပ်တို့သိမြင်ပါသည်။ ကျမ်းပိုဒ်သည် ကမ္ဘာကြီးသည်ပရမ်းပတာဖြစ်ကာ ဘုရားသခင်အနေဖြင့်၎င်းအပေါ် ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့်စတင်သည်။ ဘုရားသခင်သည် ခြောက်ရက်တိုင်ရှုပ်ထွေးသောကမ္ဘာကို အမိန့်ပေးခဲ့သည်။ တဆက်တည်း၊ ခုနစ်ရက်မြောက်သောနေ့၌ ဘုရားသခင်သည်ဤလောကသို့ ဆောင်ခဲ့တော်မူသော အကောင်းဆုံးအစီအစဉ်၌ မွေ့လျော်ပြီး၊ ကိုယ်တော်၏ဥပုသ်နေ့ကို နှစ်သက်တော်မူသည်။ ယခု ကျွန်ုပ်တို့သည် ကမ္ဘာဦး ၁:၁–၂:၃ ၏ ကြီးမားသောစာပေဖွဲ့စည်းပုံကို တွေ့မြင်ရပြီးနောက်၊ ဤကျမ်းပိုဒ်၏မူလအဓိပ္ပာယ်ကို မည်သို့ဖော်ပြသည်ကို ကျွန်ုပ်တို့ သိမြင်နိုင်မည့်အနေအထားတွင် ရှိနေသည်။

# မူလအဓိပ္ပါယ်

မောရှေ၏ ကြီးမားသောရှေးဦးကမ္ဘာသမိုင်းအတိုင်းအတာဖြင့် ဣသရေလ၏ထွက်မြောက်ခြင်းနှင့် အောင်ပွဲခံမှုများကို ကမ္ဘာကြီး၏အစောပိုင်းသမိုင်းတွင် ဘုရားသခင်ချမှတ်ခဲ့သော အမိန့်တော်နှင့်အညီ ၎င်းတို့သည်မည်ကဲ့သို့ရှိကြောင်း ပြသခြင်းဖြင့် သက်သေပြရန်ရည်ရွယ်ထားသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်သည်။ သို့သော် ဤယေဘူယျရည်ရွယ်ချက်သည် ၁:၁–၂:၃ ၏ သီးခြားမှတ်တမ်းတွင်

မည်သို့ဖော်ပြသနည်း။ မောရှေသည် သူ၏ဣသရေလအားပြသောဓမ္မအမှုနှင့် ဖန်ဆင်းခြင်းဇာတ်လမ်းကို မည်သို့ချိတ်ဆက်ခဲ့သနည်း။

ကမ္ဘာဦး ၁:၁–၂:၃ ၏အဓိကအပိုင်းသုံးပိုင်းကို တစ်ဖန်ပြန်လည်ကြည့်ရှုခြင်းဖြင့် မောရှေ မည်သို့လုပ်ဆောင်ခဲ့သည်ကို လေ့လာပါမည်။ ပထမဦးစွာ ရှုပ်ထွေးသောအမှောင်ကမ္ဘာကို ကြည့်ပါမည်။ ထို့နောက် အကောင်းဆုံးစီစဉ်ထားသောကမ္ဘာ၏ နောက်ဆုံးအပိုင်းသို့ ရွှေ့ပါမည်။ နောက်ဆုံး၊ ကမ္ဘာကြီးကိုဘုရားသခင်အစီအစဉ်ချခဲ့သော ကျမ်းပိုဒ်၏အလယ်အပိုင်းကို ပြန်လည်လေ့လာပါမည်။ ရှုပ်ထွေးသော အမှောင်ကမ္ဘာ ၁:၁-၂ ကို ဦးစွာကြည့်ပါစို့။

## ရှုပ်ထွေးသောအမှောင်ကမ္ဘာ

ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက်၊ ကမ္ဘာဦးကျမ်း၏ပထမအခန်းငယ်နှစ်ခု၏အရေးကြီးဆုံးအင်္ဂါရပ်သည် အခန်းငယ် ၂ တွင်ဖော်ပြထားသော ထင်ရှားသည့်အားပြိုင်မှုဖြစ်သည်။ ရှုပ်ထွေးသောကမ္ဘာနှင့် သန့်ရှင်းသောဝိညာဉ်တော်ကြားတွင်ထင်ရှားသည့်အားပြိုင်နေပုံကို မောရှေဖော်ပြသည့်ပုံစံမှာ သူသည် ဖန်ဆင်းခြင်းအကြောင်းသာမက ဣသရေလ၏ထွက်မြောက်ရာလမ်းကြောင်းအကြောင်းလည်း ရေးနေခြင်းဖြစ်ကြောင်း ရှင်းလင်းစေသည်။

တစ်ဖက်တွင်၊ ကမ္ဘာဦး ၁:၂ တွင် မောရှေသည် မြေကြီးကို "အဆင်းသဏ္ဍာန်မရှိ၊" သို့မဟုတ် *tōhû* အဖြစ်ဖော်ပြခဲ့သည်ကို သင်မှတ်မိပါလိမ့်မည်။ အခြားတစ်ဖက်တွင်၊ ဘုရားသခင်သည် ဝိညာဉ်တော်အား "လှုပ်ရှားခြင်း" သို့မဟုတ် ဟေဗြဲဘာသာဖြင့် *merachefet* ဟုဖော်ပြခဲ့သည်။ မောရှေသွယ်ဝိုက်၍ရည်ညွှန်းထားသည့် ကမ္ဘာဦးကျမ်းမှ ဤပုံစံတူကျမ်းပိုဒ်ကိုကြည့်သောအခါ ဤမြင်ကွင်း၏အရေးပါမှုသည် ရှင်းလင်းလာသည်။ တရားဟောရာ ၃၂:၁၀-၁၂ တွင် မောရှေသည် ကမ္ဘာဦး ၁:၂ ၏အသုံးအနှုန်းကို ဣသရေလလူမျိုး၏ထွက်မြောက်ရာလမ်းကြောင်းနှင့် ဖန်ဆင်းခြင်းမှတ်တမ်းကြား ဆက်နွယ်မှုကိုအထူးအာရုံစိုက်ရန် အသုံးပြုခဲ့သည်။ ဤအခန်းငယ်များတွင် သူပြောသည်ကို နားထောင်ပါ_

> လူဆိတ်ညံသောအရပ်၊ သားရဲမြည်၍၊ လွတ် လပ်သောတောလွင်ပြင်၌
> ယာကုပ်ကို တွေ့တော်မူသောအခါ ဝန်းရံဆီးကာခြင်း၊ သွန်သင်ခြင်းကျေးဇူးကို
> ပြု၍ မျက်ဆန်တော်ကဲ့သို့ စောင့်တော်မူ၏။ ရွှေလင်းတသည် အသိုက်ကို
> မွှေလျက်၊ သားငယ်တို့အပေါ်မှာ လှုပ်ရှားလျက်၊ အတောင်တို့ကို ဖြန့်လျက်၊
> သားငယ်တို့ကိုယူ၍ မိမိအတောင်တို့ဖြင့် ဆောင်သကဲ့သို့၊ ထာဝရဘုရား
> တပါးတည်းသာလျှင်၊ ယာကုပ်ကို ဆောင်သွားတော်မူ၏။
> အခြားတပါးသောဘုရား မည်မျှမရှိ (တရားဟောရာ ၃၂း၁၀-၁၂)။

မောရှေသည် သူ၏ရေးသားမှုအားလုံးတွင် "အဆင်းသဏ္ဍာန်မရှိ" နှင့် "လှုပ်ရှားခြင်း" ဟူသော အသုံးအနှုန်းများကို အသုံးပြုသည့်တစ်ခုတည်းသောနေရာဖြစ်သောကြောင့် ဤအခန်းများသည်

အရေးကြီးပါသည်။ အခန်းငယ် ၁၀ တွင်၊ ဤနေရာတွင် "ဆိတ်ညံသော" ဟုပြန်ဆိုထားသော ဝေါဟာရသည် ကမ္ဘာဦး ၁:၂ တွင် "အဆင်းသဏ္ဍာန်မရှိ" ဟူသော ဟေဗြဲစကားလုံး *tōhû* ဖြစ်သည်။ ထို့အပြင်၊ အခန်းငယ် ၁၁ တွင်၊ "လှုပ်ရှားသည်" ဟုပြန်ဆိုထားသောအသုံးအနှုန်းသည် *merachefet* ဖြစ်ပြီး၊ ကမ္ဘာဦး ၁:၂ တွင်ဘုရားသခင်၏ဝိညာဉ်တော်သည် နက်နဲရာအရပ်တွင် "လှုပ်ရှားသော" အခါ၌ သုံးသောအသုံးအနှုန်းဖြစ်သည်။ မောရှေသည် ဤအသုံးအနှုန်းနှစ်ခုကို ကမ္ဘာဦးကျမ်း ၁ နှင့် ခိုင်လုံစွာချိတ်ဆက်နိုင်ရန် တရားဟောရာ ၃၂ တွင် ပေါင်းစပ်ထားသည်။ သို့သော် ဤအသုံးအနှုန်းများကို အသုံးပြုခြင်းသည် ဤချိတ်ဆက်မှုကို မည်သို့သက်ရောက်မှုရှိစေခဲ့သနည်း။ တရားဟောရာ ၃၂ တွင် "ဆိတ်ညံသော" နှင့် "လှုပ်ရှားခြင်း" ဟူသောအသုံးအနှုန်းများသည် အဘယ်နည်း။ ပထမတွင်၊ မောရှေသည် "ဆိတ်ညံသော" ဟူသောအသုံးအနှုန်းကို အီဂျစ်ပြည်အတွက် အသုံးပြုခဲ့သည်။ ၃၂:၁၀ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရသည်_

> လူဆိတ်ညံသောအရပ်၊ သားရဲမြည်၍၊ လွတ် လပ်သောတောလွင်ပြင်၌ ယာကုပ်ကို တွေ့တော်မူသောအခါ (တရားဟော ၃၂:၁၀)။

ဒုတိယတွင်၊ မောရှေသည် ဣသရေလလူမျိုးကို ကတိတော်ပြည်သို့ပို့ဆောင်စဉ်တွင်၊ ဘုရားသခင်ရောက်ရှိခြင်းအတွက်၊ မီးခိုးနှင့် မီးတိုင်ဖြစ်နိုင်သည့်၊ "လှုပ်ရှားခြင်း" ဟူသောအသုံးအနှုန်းကို အသုံးပြုခဲ့သည်။ ၃၂:၁၀-၁၁ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ ဖတ်ရပါသည်_

> မျက်ဆန်တော်ကဲ့သို့ စောင့်တော်မူ၏။ ရွှေလင်းတသည် အသိုက်ကို မွှေလျက်၊ သား ငယ်တို့အပေါ်မှာ လှုပ်ရှားလျက်၊ (တရားဟောရာ ၃၂း၁၀-၁၁)။

များစွာသောကဏ္ဍများတွင်၊ ကမ္ဘာဦး ၁:၂ တွင်တွေ့ရသော မိမိ၏လုပ်ဆောင်မှုနှင့်ပတ်သက်၍ မောရှေ၏မှတ်ချက်စကားအဖြစ် တရားဟောရာ ၃၂:၁၀-၁၂ ကို ကျွန်ုပ်တို့မှတ်ယူနိုင်သည်။ ၎င်းသည် ကမ္ဘာဦးကျမ်း၏ပထမအခန်းကြီးကို ရေးသားရာတွင် ကိုယ်တော်၏ရည်ရွယ်ချက်ကို ကျွန်ုပ်တို့အား သိမြင်စေသည်။ တရားဟောရာ ၃၂ သည် ဖန်ဆင်းခြင်းနှင့် အီဂျစ်ပြည်မှ ဣသရေလတို့အားကယ်နုတ်ခြင်းကြား တူညီသောအခြေအနေကို မောရှေတွေ့မြင်ကြောင်း ကျွန်ုပ်တို့ကို နားလည်စေသည်။ ဖန်ဆင်းခြင်းနှင့် အီဂျစ်ပြည်မှ ဣသရေလအားကယ်နုတ်ခြင်းနှစ်ခုစလုံးသည် ရှုပ်ထွေးပြီး လူမနေထိုင်သောကမ္ဘာများပါဝင်သည်ဟု မောရှေရေးသားခဲ့သည်။ ဘုရားသခင်သည် ဣသရေလတို့ကို အီဂျစ်ပြည်မှ ကယ်တင်သောအခါ သူတို့အပေါ် လှုပ်ရှားသကဲ့သို့၊ ရှုပ်ထွေးသောမူလကမ္ဘာအပေါ် လှုပ်ရှားခြင်းရှိကြောင်းကိုလည်း သူရေးသားခဲ့သည်။ ဖန်ဆင်းခြင်းနှင့် ထွက်မြောက်ခြင်းကြား တူညီမှုများထံမှ၊ မောရှေသည် ဖန်ဆင်းခြင်းအကြောင်း ဣသရေလလူတို့အား ပြောပြရုံမျှမက ရှုပ်ထွေးသောအမှောင်ကမ္ဘာအကြောင်း ရေးသားခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ သူသည် ဖန်ဆင်းခြင်းတွင် ဘုရားသခင့်အမှုတော်၏ ရှေ့ပြေးပုံစံ၊ ပုံစံတစ်ခုသို့မဟုတ် စံနမူနာတစ်ခုအဖြစ်ဖော်ပြခဲ့ပြီး၊ ၎င်းသည် သူ၏ခေတ်တွင် ဣသရေလလူမျိုးအတွက် ဘုရားသခင် မည်သို့လုပ်ဆောင်နေပုံကို ရှင်းပြသည်။ မောရှေသည် ဖန်ဆင်းခြင်းတွင် ဘုရားသခင်၏မူလလုပ်ငန်းအကြောင်း ရေးသောအခါ၊ အဲဂုတ္တုပြည်မှ သူ့နောက်လိုက်ခြင်းသည်

အမှားအယွင်းမရှိကြောင်း သူ၏စာဖတ်သူများကို ပြသရန် လုပ်ဆောင်ခဲ့သည်။ ၎င်းအစား၊ အီဂျစ်ပြည်မှ ၎င်းတို့အားကယ်နုတ်ခြင်းသည် ဘုရားသခင်၏တန်ခိုးကြီးသော လုပ်ရပ်ဖြစ်ကြောင်း ဖန်ဆင်းခြင်းမှတ်တမ်းသည် သက်သေပြသည်။ ဘုရားသခင်သည်အစအဦး၌ပြုသကဲ့သို့ အီဂျစ်ပြည်၏ ရှုပ်ထွေးမှုများမှ ဣသရေလလူတို့ကို ကယ်နုတ်ခြင်းဖြင့် ကမ္ဘာကို ပြန်လည်စီစဉ်ပေးခဲ့သည်။ ဘုရားသခင်သည် အစအဦး၌ ဖန်ဆင်းခြင်းအပေါ်တွင် လှုပ်ရှားတော်မူသကဲ့သို့ ယခုအခါတွင် ဣသရေလအမျိုးအပေါ် လှုပ်ရှားတော်မူသည်။ အမှားဖြစ်မည့်အစား၊ အီဂျစ်ပြည်မှထွက်မြောက်ခြင်းသည် ဘုရားသခင်သည် သူအလိုရှိသော အစီအစဉ်ကို ကမ္ဘာမြေသို့ ပြန်လည်ဆောင်ယူလာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်၊ အီဂျစ်ပြည်မှ ဣသရေလအားကယ်နုတ်ခြင်းသည် ပြန်လည်ဖန်ဆင်းခြင်းဟုဆိုနိုင်သည်။ ကမ္ဘာဦးကျမ်း အခန်းကြီး ၁ ၏အစနှင့် ဣသရေလ၏ထွက်မြောက်ရာအတွေ့အကြုံကြားတွင် ဤတူညီမှုကိုစိတ်တွင်မှတ်သားထားခြင်းဖြင့်၊ နောက်ဆုံးအပိုင်းဖြစ်သော ၂:၁-၃ တွင် အကောင်းဆုံးစီစဉ်ထားသောကမ္ဘာကိုကြည့်သောအခါ ဤရှုထောင့်ကို ကျွန်ုပ်တို့မြင်နိုင်သည်။

## အကောင်းဆုံးသောကမ္ဘာ

ဖန်ဆင်းခြင်းဇာတ်လမ်းသည် ဘုရားသခင်၏ငြိမ်ဝပ်စွာနေခြင်းဖြင့် အဆုံးသတ်သည်ကို သင်မှတ်မိလိမ့်မည်။ ကမ္ဘာဦး ၂:၂-၃ တွင် "ငြိမ်ဝပ်စွာနေခြင်း" အတွက် ဟေဗြဲအသုံးအနှုန်းမှာ *shabbat* **שַׁבָּת**)) သို့မဟုတ် ကျွန်ုပ်တို့ပြောသည့် "ဥပုသ်နေ့" ဖြစ်သည်။ ထို့ပြင် ဤဝေါဟာရအရ ဖန်ဆင်းခြင်းဇာတ်လမ်းသည် ဣသရေလ၏ထွက်မြောက်ခြင်းအား အခြားနည်းဖြင့် ချိတ်ဆက်ပေးသည်။

မောရှေ၏တရားအတိုင်းဝမ်းမြောက်ကြမည့် လိုက်နာကျင့်သုံးရမည့်ဥပုသ်နေ့များကို ရည်ညွှန်းရန် မောရှေနှင့် ဣသရေလလူမျိုးတို့သည်အဓိကအားဖြင့် *shabbat* ဟူသောအသုံးအနှုန်းကို အသုံးပြုကြသည်။ အမှန်တကယ်၊ ထွက်မြောက်ရာကျမ်း ၂၀ တွင်တွေ့ရသော ပညတ်တော်ဆယ်ပါးစာရင်းတွင်၊ ဣသရေလလူမျိုးသည် ဥပုသ်စောင့်ထိန်းရမည်ဟု မောရှေရှင်းပြခဲ့သည်။ အကြောင်းမှာ ကမ္ဘာဦးကျမ်း ၂ တွင် ဘုရားသခင်ပြုခဲ့သောကြောင့်ဖြစ်သည်။

> ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကို အောက်မေ့လော့...အကြောင်းမူကား၊ ထာဝရဘုရားသည် မိုဃ်းကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင် ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏ (ထွက်မြောက်ရာ ၂၀:၈-၁၁)။

သတ္တမနေ့တွင် ဘုရားသခင်ငြိမ်ဝပ်စွာနေကြောင်း ကမ္ဘာဦးကျမ်းတွင် ဣသရေလတို့ကြားသောအခါ၊ သူတို့သည် မိမိတို့၏ဥပုသ်နေ့ကိုစောင့်ထိန်းမှုနှင့် ပညတ်တော်ဆယ်ပါးတို့ကို ကမ္ဘာဦးမှတ်တမ်းအား ဆက်စပ်ပေးရုံမျှဖြင့် မကူညီနိုင်ကြပါ။ဣသရေလလူတို့သည် တော၌ဥပုသ်ကို အတိုင်းအတာတစ်ခုအထိ စောင့်ကြသော်လည်း၊ ဥပုသ်ဆိုင်ရာဝတ်ပြုမှု၏အတိုင်းအတာ အပြည့်အစုံသည် ကတိတော်ပြည်၌သာ ဖြစ်မြောက်နိုင်သည်ကို နားလည်ရန် အရေးကြီးသည်။ ထွက်မြောက်ရာ ၂၀:၈-၁၁ တွင် ကျွန်ုပ်တို့တွေ့ရှိသည့်အတိုင်း ဣသရေလလူမျိုးတို့သည် ဥပုသ်နေ့ကိုအပတ်စဉ် စောင့်ရပေမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သ‌ာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သို့ရာတွင် အခြားသောနေ့ထူးနေ့မြတ်များ သို့မဟုတ် ဥပုသ်နေ့များကိုလည်း စောင့်ထိန်းကြရသည်။ ဥပမာ၊ ဝတ်ပြုရာကျမ်း ၂၅ အားဖြင့်သိရှိရသည်မှာ ခုနစ်နှစ်တစ်ကြိမ် ဥပုသ်နှစ်အဖြစ် မြေလွတ်ထား၍ စောင့်ထိန်းရမည်ဖြစ်သည်။ အကြွေးများအားလုံးကိုဖြေလွှတ်ပြီး မိသားစုအားလုံး ၎င်းတို့၏ မူလအမွေခံရာမြေများဆီသို့ ပြန်သွားသည့် ငါးဆယ်မြောက်သောနှစ်တိုင်း ဂျူဗလီနှစ်ကြီးကိုလည်း ဣသရေလတို့ ထိန်းသိမ်းထားရမည်ဖြစ်သည်။ မောရှေ၏ပညတ်တွင်၊ ဥပုသ်စောင့်ထိန်းခြင်း၌ဘုရားသခင်ကို အပြည့်အဝ ဝတ်ပြုကိုးကွယ်ခြင်းသည် ကန္တာရတောတစ်လျှောက်သွားလာစဉ် ဣသရေလတို့လိုက်နာသည့် အရာများထက် ပို၍ရှုပ်ထွေးသည်။ဥပုသ်နေ့ကို အပြည့်အဝစောင့်ထိန်းနိုင်မှသာ ဣသရေလတို့သည် ခါနာန်ပြည်သို့ဝင်ရောက်နိုင်သောကြောင့်၊ မောရှေသည် ခါနာန်ကို "ငြိမ်ဝပ်ရာ" သို့မဟုတ် "ကျိန်းဝပ်ရာနေရာ" အဖြစ် ဟေဗြဲအသုံးအနှုန်း *nuach* (נוח) သို့မဟုတ် *shabbat* (ဥပုသ်) နှင့် မကြာခဏဆက်စပ်နေသော *menucha* (מנוחה) ကို အသုံးပြု၍ ပြောဆိုလေ့ရှိသည်။ နေရာများစွာတွင်၊ မောရှေသည် ကတိတော်ပြည်ကို နောက်ဆုံးတွင် ဘုရားသခင်တောင်းဆိုသည့်အတိုင်း ဣသရေလလူမျိုး၏ကိုးကွယ်ဆည်းကပ်ရာ၊ နားခိုရာနေရာအဖြစ် ဖော်ပြခဲ့သည်။ ဥပမာ၊ တရားဟောရာ ၁၂:၁၀-၁၁ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ဖတ်ရသည်_

> သင်တို့သည် ယော်ဒန်မြစ်တဘက်သို့ကူး၍၊ သင်တို့အမွေခံရာဘို့ သင်တို့၏ ဘုရားသခင် ထာဝရ ဘုရားပေးတော်မူသော ပြည်၌ နေကြသောအခါ၊ ရန်သူအပေါင်းတို့လက်မှ သင်တို့ကို ကယ်နှုတ်တော်မူသဖြင့် ငြိမ်ဝပ်စွာ နေကြသောအခါ၊ နာမတော်ကို တည်စေဘို့ရာ၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရား ရွေးကောက်တော်မူသော အရပ် ရှိရမည်။ ထိုအရပ်သို့ ငါမှာထားသမျှအတိုင်း၊ သင်တို့မီးရှို့ရာယဇ် အစရှိသောယဇ်များ၊ ဆယ်ဘို့တဘို့ ပူဇော်သက္ကာ၊ ချီးမြှောက်ရာ ပူဇော်သက္ကာ၊ ထာဝရဘုရား အား ဂတိရှိသည်အတိုင်း၊ မြတ်သော ပူဇော်သက္ကာတို့ကို ဆောင်ခဲ့ရကြမည် (တရားဟောရာ ၁၂း၁၀-၁၁)။

ဣသရေလလူမျိုးသည်ငြိမ်ဝပ်ရာပြည်သို့ ဝင်ရောက်ပြီးမှသာ ဥပုသ်စောင့်ခြင်း—ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်း—ကို အပြည့်အဝစောင့်ထိန်းကြောင်း ဤကျမ်းပိုဒ်တွင် ကျွန်ုပ်တို့တွေ့မြင်ရသည်။ မောရှေအတွက်၊ ဥပုသ်နေ့သည် လူတစ်ဦးချင်းစီနှင့် မိသားစုများထက် ဆိတ်ငြိမ်စွာဝတ်ပြုကိုးကွယ်ရန်အတွက် သီးသန့်ဖြစ်သည်။ ဥပုသ်နေ့သည် ဘုရားသခင်သည်သူ၏နာမတော်ကို ထားတော်မူမည့်အထူးနေရာ၌ ကိုးကွယ်ခြင်းနှင့် ချီးမြှောက်ခြင်းပြုမည့် ငြိမ်ဝပ်ရာပြည်၌နေထိုင်ခြင်း၏အဓိကအချက်ဖြစ်သည်။ ထို့ကြောင့် ဆာလံ ၉၅:၁၁ တွင် ဘုရားသခင်သည် ခါနာန်ပြည်သို့ မဝင်ရောက်ရန် တားမြစ်ထားသူများကို ဤသို့မိန့်တော်မူခဲ့သည်_

> ထိုကြောင့် သူတို့သည် ငါ၏ချမ်းသာထဲသို့ မဝင်ရကြဟု အမျက်ထွက်၍ ငါကျိန်ဆို၏ (ဆာလံ ၉၅:၁၁)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့်ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဥပုသ်နေ့နှင့် ကတိတော်ပြည်ရှိ ဘုရားသခင်ကို လူမျိုး၏အပြည့်အဝဝတ်ပြုကိုးကွယ်ခြင်း အကြား နီးကပ်စွာဆက်နွယ်နေသည့်ဤဆက်စပ်မှုအနေဖြင့် မောရှေသည် ဘုရားသခင်၏ဥပုသ်အနားယူခြင်းနှင့်အတူ သူ၏ဖန်ဆင်းခြင်းမှတ်တမ်းကို အဘယ်ကြောင့်အဆုံးသတ်ခဲ့သည်ကို ရှင်းပြသည်။ ဘုရားသခင်သည် မြေကြီးကို မငြိမ်မသက်မှုများမှ ဥပုသ်နေ့အထိပို့ဆောင်တော်မူသည့်အတိုင်း၊ အီဂျစ်ပြည်၏ရှုပ်ထွေးမှုများမှ ဣသရေလလူတို့ကို ကတိတော်ပြည်ရှိ ဥပုသ်နေ့ပန်းတိုင်သို့ ပို့ဆောင်ပေးတော်မူကြောင်း မောရှေသည် ဣသရေလလူမျိုးအား ရှင်းပြခဲ့သည်။ မောရှေသည် ဣသရေလလူမျိုးကို ခါနာန်ပြည်၊ ငြိမ်ဝပ်ရာအရပ်သို့ ပို့ဆောင်ခဲ့သည်။ မောရှေ၏အစီအစဉ်ကို ဆန့်ကျင်သူများသည် လူ့အကြံအစည်ကို တွန်းလှန်ခြင်းမျှသာမဟုတ်ပါ။ သူတို့သည် စကြဝဠာ၏အကောင်းဆုံးသောဖွဲ့စည်းပုံများနှင့်လိုက်လျောညီထွေဖြစ်စေရန် ဘုရားသခင်၏ကြိုးပမ်းအားထုတ်မှုများကို အမှန်တကယ် ဆန့်ကျင်ကြခြင်းဖြစ်သည်။ အီဂျစ်ပြည်မှထွက်ခွာပြီး ကတိတော်ပြည်သို့ ဝင်ရောက်ခြင်းသည် ဖန်ဆင်းခြင်းအတွက် ဘုရားသခင်၏ ပြီးပြည့်စုံသော အစီအစဉ်မျှသာမဟုတ်ပါ။ဖန်ဆင်းခြင်းဇာတ်လမ်း၏ ရှုပ်ထွေးသောအစနှင့် ဥပုသ်အဆုံးသတ်ခြင်းသည် မောရှေမှတစ်ဆင့် ဣသရေလလူမျိုးအတွက် ဘုရားသခင်လုပ်ဆောင်ပေးခဲ့သည့်အရာ၏ အစစ်အမှန်သဘောသဘာဝကို မည်သို့ရှင်းပြထားသည်ကို ယခုတွေ့မြင်ရပြီးနောက်၊ ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်း ၁:၃-၃၁ တွင် မိန့်ကြားခဲ့သည့်နေ့ရက်များ၏ အလယ်အပိုင်း၏အစိတ်အပိုင်းအချို့ကို အကျဉ်းချုပ်၍ကြည့်သင့်သည်။ မောရှေသည် ဖန်ဆင်းခြင်းနေ့ရက်များကို သူ၏ဓမ္မအမှုတော်နှင့် မည်သို့ချိတ်ဆက်ခဲ့သနည်း။

# ခြောက်ရက်တာအစီအစဉ်

ဖန်ဆင်းခြင်းနေ့ရက်များနှင့် ဣသရေလအားကယ်နုတ်ခြင်းကြားတွင် ဆက်စပ်မှုများစွာရှိသော်လည်း၊ ၎င်းတို့ထဲမှ နှစ်ခုကိုသာ ကျွန်ုပ်တို့ကြည့်ရှုပါမည်_ ပထမ၊ အီဂျစ်ပြည်မှလွတ်မြောက်ခြင်းဆိုင်ရာဆက်စပ်မှုများ၊ ဒုတိယ၊ ကတိတော်ပြည်ကိုပိုင်ဆိုင်ခြင်းပန်းတိုင်ဖြစ်သည်။

## အီဂျစ်ပြည်မှ ကယ်နုတ်ခြင်း

ပထမတွင်၊ အီဂျစ်ပြည်မှ ဣသရေလလူမျိုးကို ကယ်နှုတ်ရာတွင်၊ ကမ္ဘာဦးကျမ်း ၁ တွင် ဖန်ဆင်းခြင်း၌ပြသခဲ့သည့် အလားတူတန်ခိုးကို ဘုရားသခင်ပြသခဲ့သည်။ အခြေအနေ၏တစ်ဖက်တွင်၊ ဘုရားသခင်သည် အီဂျစ်လူမျိုးများကို ဘေးဒဏ်ပေးခြင်းဖြင့် ဖန်ဆင်းခြင်းတွင် ချမှတ်ထားသောအစီအစဉ်ကို ပြောင်းပြန်လှန်ပစ်ခဲ့သည်။ ဥပမာ၊ အစဦးကဲ့သို့ အသက်နှင့်ပြည့်သောရေများအစား၊ အဲဂုတ္တုမှရေများသည် သေစေတတ်ပြီး ဘုရားသခင်သည်ရေကို သွေးအဖြစ်ပြောင်းလိုက်သည်နှင့် ငါးများသေဆုံးကုန်သည်။ အစအဦး၌ ဘုရားသခင်ခန့်အပ်ထားတော်မူသည့် သက်ရှိများကိုလူသားများ အုပ်စိုးမည့်အစား၊ ဖားများ၊ ခြင်ကောင်များ၊ အင်းဆက်များနှင့် ကျိုင်းကောင်များသည် အီဂျစ်လူမျိုးများကို အုပ်စိုးခဲ့သည်။ အဲဂုတ္တုပြည်ကို နေ့အချိန်၌ပင် မှောင်မိုက်ဖုံးလွှမ်းသွားသောကြောင့် ဖန်ဆင်းခြင်းတွင် အလင်းနှင့်အမှောင်ခွဲခြားထားခြင်းသည် ပြောင်းပြန်ဖြစ်သွားခဲ့သည်။ မြေကြီးသည် အသီးအရွက်များကို ပေါက်ဖွားစေမည့်အစား၊ မိုဃ်းသီး၊ မီးနှင့် ကျိုင်းကောင်တို့သည် အဲဂုတ္တုပြည်၌ စပါးပင်ရှိသမျှကို ဖျက်ဆီးပစ်ကြ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည်။ အသီးအနှံများပွားများခြင်းနှင့် မျိုးပွားနေမည့်အစား အီဂျစ်တိရစ္ဆာန်များနှင့် လူအများအပြား သေဆုံးခဲ့ကြသည်။ ဤအရာနှင့် အခြားနည်းလမ်းများစွာဖြင့်၊ အီဂျစ်ပြည်၏ကျိန်ခြင်းများသည် ကမ္ဘာဦး ၁ ၏ ခြောက်ရက်မြောက်နေ့တွင် ဘုရားသခင်ချမှတ်ခဲ့သည့် အမိန့်တော်ကို ပြောင်းပြန်လှန်ပစ်ခဲ့သည်။ ကပ်ဘေးကာလအတွင်း၊ အီဂျစ်ပြည်သည် ပကတိရှုပ်ထွေးမှုများသို့ အမှန်တကယ်ပင် ပြန်လည်ရောက်ရှိသွားခဲ့သည်။ မောရှေသည် ဣသရေလလူတို့ကို ထိုအဆင်းသဏ္ဍာန်မရှိသော၊ ဆိတ်ညံသောလွင်ပြင်နေရာမှ ထွက်ခွာရန် ဆင့်ခေါ် ခဲ့ခြင်းသည် အံ့ဩစရာမဟုတ်ပါ။အီဂျစ်ပြည်တွင်ရှိသောဘဝသည် ကောင်းသည်ဟု ယုံကြည်သူဣသရေလတိုင်းသည် မောရှေ၏ဖန်ဆင်းခြင်းမှတ်တမ်းနှင့်အတူ ထည့်သွင်းရေတွက်ရပေမည်။ အဲဂုတ္တုပြည်၌ ၎င်းတို့၏အတွေ့အကြုံသည် အီဂျစ်လူမျိုးများကိုယ်တိုင် မိမိတို့၏ပြည်အကြောင်း စဉ်းစားပုံနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။ အဲဂုတ္တုလူများမှ ၎င်းသည်နတ်ဘုရားများ၏ ကောင်းချီးပေးသောပြည်ဖြစ်သည်ဟု ယုံကြည်ကြပြီး၊ ဣသရေလလူအချို့လည်း ၎င်းကိုယုံကြည်ခဲ့ကြပုံရသည်။ သို့သော် အီဂျစ်ပြည်သည် ဘုရားသခင်၏ အကောင်းဆုံးစီစဉ်ထားသောကမ္ဘာနှင့် ဆန့်ကျင်ဘက် ဖြစ်လာကြောင်း မောရှေသည်ရှင်းလင်းစွာဖော်ပြခဲ့သည်။ အီဂျစ်ပြည်နှင့် ဤဆန့်ကျင်ဘက်သည် ရိုးရှင်းလုံလောက်သော်လည်း၊ ဖန်ဆင်းခြင်း ခြောက်ရက်တာသည် အီဂျစ်ပြည်မှ ကယ်နုတ်ခြင်းနှင့်ပတ်သက်၍ အပြုသဘောဆောင်သော တုံ့ပြန်မှုလည်း ရှိသည်။ အီဂျစ်လူမျိုးများသည် ၎င်းတို့၏ပြည်သည် ရှေးယခင်ကဲ့သို့ရှုပ်ထွေးသည့်အဖြစ်သို့ ပြန်လည်ရောက်သွားသည်ကို မြင်သောအခါ၊ ဣသရေလလူမျိုးများသည် ဖန်ဆင်းခြင်းခြောက်ရက်နှင့်ဆင်တူသည့် နည်းလမ်းများဖြင့် ကမ္ဘာကြီးကို ဘုရားသခင်စီစဉ်ပေးထားသည်ကို မြင်တွေ့ခဲ့ကြသည်။ သူတို့၏ ရေများသည် လတ်ဆတ်ပြီး အသက်ကို ပေးသည်။ ဖားများနှင့် ကျိုင်းကောင်များ၏လွှမ်းမိုးခြင်းမရှိခဲ့ပါ။ အဲဂုတ္တုလူတို့သည် မှောင်မိုက်ကိုတွေ့ကြုံခံစားကြစဉ်တွင် သူတို့သည်အလင်းရောင်ကို ရရှိကြသည်။ ဣသရေလတို့၏လယ်ကွင်းများ ဖြစ်ထွန်းနေခဲ့သည်။ သူတို့၏တိရစ္ဆာန်များသည်အကာအကွယ်ရကြပြီး၊ အီဂျစ်ပြည်တွင်ရှိစဉ် ဣသရေလလူများ တိုးပွားများပြားလာခဲ့သည်။ထို့အပြင်၊ ဖန်ဆင်းခြင်းအပေါ် သူ၏ထိန်းချုပ်မှုနှင့်ပတ်သက်၍ အံ့အားသင့်ဖွယ် ကြီးကျယ်ခမ်းနားသောဖော်ပြမှုတစ်ခုမှာ၊ ဘုရားသခင်သည် ပင်လယ်နီကို ထိန်းချုပ်ထားကာ ဖန်ဆင်းခြင်း၏ သုံးရက်မြောက်နေ့တွင် ခြောက်သွေ့သောမြေကိုပေါ်ထွန်းခဲ့သည့်အတိုင်း ဣသရေလလူတို့ရှေ့တွင် ပေါ်လာစေခဲ့သည်။ ဣသရေလများကိုယ်စား ဘုရားသခင်လုပ်ဆောင်ခဲ့သည့် သဘာဝအံ့ဖွယ်အမှုများသည် မကြုံစဖူးပါ။ ကမ္ဘာဦး ၁ ၏နေ့ရက်များတွင် ကမ္ဘာမြေကို ဘုရားသခင်စီစဉ်ထားသည့် နည်းလမ်းများစွာကို သူတို့ မှတ်မိကြသည်။ကမ္ဘာဦးကျမ်း ၁ တွင် ကမ္ဘာမြေကြီးကို ဘုရားသခင်၏စီမံပုံနှင့် အီဂျစ်ပြည်မှ ဣသရေလလူတို့ကို ကယ်တင်သည့်နည်းလမ်းအကြားမှ ဤတုံ့ပြန်မှုများသည် မောရှေ၏စာဖတ်သူများထံသို့ သူတို့ကိုယ်စား ဘုရားသခင်၏အမှုတော်သည် သူ၏ဖန်ဆင်းခြင်းလုပ်ငန်းနှင့် တူညီကြောင်း သက်သေပြခဲ့သည်။ အဲဂုတ္တုပြည်မှ သူတို့လွတ်မြောက်လာသောအခါတွင်၊ ဘုရားသခင်သည် သူ၏အစအဦးပုံစံအတိုင်း ကမ္ဘာကိုပြန်လည်ပုံဖော်ခဲ့သည်။ အဲဂုတ္တုပြည်မှ ကယ်နုတ်ခြင်းသည် ဖန်ဆင်းခြင်းနေ့ရက်များကို သတိရစေရုံသာမက၊ အစအဦး၌ဘုရားသခင်ချမှတ်ခဲ့သော အမိန့်တော်သည်လည်း ခါနာန်ပြည်၌မည်သို့အသက်ရှင်ရမည်ကို ဖော်ပြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ခါနန်ပြည်ကို သိမ်းပိုက်ခြင်း

ဣသရေလလူမျိုးသည် ကတိတော်ပြည်သို့ရောက်ရှိသောအခါ၊ သဘာဝတရားကို ဖွံ့ဖြိုးခြင်း နှင့် ရှင်လန်းမှုတို့ဖြင့် မှန်ကန်စွာစီစဉ်သတ်မှတ်ထားပြီးဖြစ်မည်။ ထို့ကြောင့် ဘုရားသခင်သည် ခါနာန်ပြည်ကို နို့နှင့်ပျားရည်စီးသောပြည်ဟုခေါ်သည်။ ၎င်းအပြင်၊ ကတိတော်ပြည်၌၊ ဣသရေလလူတို့သည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်၏သင့်လျော်သောအရာကို ဆင့္ဂမနေ၌အစပြုခဲ့သည်အတိုင်း ယူကြလိမ့်မည်။ အထူးသဖြင့် ကမ္ဘာဦး ၁:၂၈ တွင် ဘုရားသခင်သည် လူသားမျိုးနွယ်ကို မိန့်ဆိုခဲ့သည်ကို သတိပြုပါ–

> အချင်းတို့ များပြားစွာမွေးဘွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုင၎်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုင၎်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုင၎်း အုပ်စိုးကြလော့ (ကမ္ဘာ ၁း၂၈)။

ဤကောင်းချီးအချို့ကို ဣသရေလလူမျိုးများ အီဂျစ်ပြည်၌ပင်တွေ့ကြုံခံစားခဲ့ရသော်လည်း၊ ဘုရားသခင်သည် ဣသရေလအမျိုးအား ဤဂုဏ်အသရေကို ခါနာန်ပြည်၌သာ၍ကြီးမားစွာ ပေးသနားတော်မူမည်။ မောရှေ၏ဦးဆောင်မှုအောက်တွင်၊ ဣသရေလလူမျိုးတို့သည် ဖန်ဆင်းခြင်းတွင် ဤအကောင်းဆုံးသောအနေအထားကို ဖြည့်ဆည်းပေးမည့်နေရာသို့ လှမ်းလာကြသည်။ ဝတ်ပြုရာ ၂၆:၉ တွင် တွေ့ရသော ဣသရေလပြည်ရှိ သစ္စာရှိဣသရေလလူတို့၌ ဘုရားသခင်ကတိပြုထားသည့်အရာကို နားထောင်ပါ–

> သင်တို့ကို ငါစောင့်မသဖြင့်တိုးပွားများပြားစေ၍၊ သင်တို့နှင့် ငါပြုသောပဋိညာဉ်ကို ငါမြဲမြံစေမည် (ဝတ်ပြုရာ ၂၆:၉)။

ဤတွင် ကမ္ဘာဦးကျမ်း ၁:၂၈ ကို ရည်ညွှန်းခြင်းသည်ထင်ရှားသည်။ ကမ္ဘာဦး ၁:၂၈ တွင် ဘုရားသခင်သည် “များပြားစွာမွေးဘွားကြလော့” ဟုဆိုသည်။ ဝတ်ပြုရာ ၂၆:၉ တွင်၊ တိုးပွားများပြားစေမည် ဟု မိန့်တော်မူသည်။ ခါနာန်ပြည်သည် အစအဦး၌ ဘုရားသခင်စီစဉ်ခဲ့သော အံ့ဖွယ်ကမ္ဘာကဲ့သို့ ဖြစ်လိမ့်မည်။ ခါနန်ပြည်သည် ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ ကမ္ဘာမြေကြီးတွင် ၎င်း၏မူလအခန်းကဏ္ဍကို ဖြည့်ဆည်းပေးနိုင်သည့် သဘာဝအရလိုက်လျောညီထွေဖြစ်စေမည့်နေရာ ဖြစ်လိမ့်သည်။ မောရှေလက်ထက် ဖန်ဆင်းခြင်းခြောက်ရက်အတွင်း ဣသရေလ၏အတွေ့အကြုံနှင့် ဆက်စပ်နေသည့် နည်းလမ်းအချို့ကိုသာ ကျွန်ုပ်တို့ထိတွေ့ခဲ့ကြပါသည်။ သို့သော် ပထမခြောက်ရက်အတွင်း စကြဝဠာကို ဘုရားသခင် စီစဉ်ပေးပုံအကြောင်း မောရှေ၏မှတ်တမ်းသည် မူလအစတွင်ဖြစ်ပျက်ခဲ့သည့် မှတ်တမ်းတစ်ခုမျှသာ မဟုတ်ကြောင်း ဤနမူနာမှမြင်တွေ့ရသည်။ သူသည် သူ၏ဣသရေလစာဖတ်သူများကို ၎င်းတို့၏ဘဝတွင်ဖြစ်ပျက်နေသည့်အရာများကို ရှင်းလင်းစွာမြင်နိုင်စေရန် ဖန်ဆင်းခြင်းခြောက်ရက်ကို ဖော်ပြခဲ့သည်။ ဘုရားသခင်သည် အချို့သောနည်းလမ်းများဖြင့် သဘာဝတရားကိုစီစဉ်ထားပြီး စကြဝဠာကို ရှုပ်ထွေးမှုများမှဥပုသ်နေ့သို့ ရွှေ့ပေးသကဲ့သို့၊ ဣသရေလလူမျိုးအား အီဂျစ်ပြည်၏ရှုပ်ထွေးမှုများမှ ခါနန်ပြည်၌ ဥပုသ်အနားယူရန် ကမ္ဘာကို သူတို့ကိုယ်စားပြန်လည်စီစဉ်ပေးခြင်းဖြင့် ခါနန်ပြည်သို့ ပို့ဆောင်ပေးခဲ့သည်။ ကမ္ဘာကြီးကို ဖန်ဆင်းခြင်းအကြောင်း မောရှေပြောသည်ကို ကြားသောအခါတွင် ဣသရေလလူမျိုး၏

တုံ့ပြန်မှုကို ကျွန်ုပ်တို့ စိတ်ကူးကြည့်နိုင်သည်။ သူတို့တွင်ဖြစ်ပျက်နေမှုများသည် မတော်တဆမဟုတ်သည်ကို သူတို့သဘောပေါက်လိမ့်မည်။ သူတို့ကို အီဂျစ်ပြည်မှရွေးနှုတ်ပြီး ခါနန်ပြည်သို့ ခေါ်ဆောင်သွားခြင်းဖြင့်၊ ဘုရားသခင်သည် စကြဝဠာကြီးဆီသို့ အကောင်းဆုံးအစီအစဉ်ယူဆောင်လာရန် မူလအစတွင် လုပ်ဆောင်ခဲ့သည့်အတိုင်း ကမ္ဘာပေါ်တွင် လုပ်ဆောင်နေခဲ့ပါသည်။ ဣသရေလ၏ကယ်တင်ခြင်းသည် ပြန်လည်ဖန်ဆင်းခြင်းဖြစ်ပြီး၊ ၎င်းတို့သည် မောရှေနောက်သို့လိုက်ခြင်းဖြင့် ထိုပြန်လည်ဖန်ဆင်းခြင်း၏ ကြီးမားသောအတွေ့အကြုံများရရှိမည်ဖြစ်သည်။ယခု ကျွန်ုပ်တို့သည် ကမ္ဘာဦး ၁:၁–၂:၃ ၏ မူလအဓိပ္ပာယ်ကိုမြင်ရပြီးဖြစ်သောကြောင့်၊ နောက်ဆုံးအကြောင်းအရာဖြစ်သော ဖန်ဆင်းခြင်းမှတ်တမ်း၏ ခေတ်သစ်ကျင့်သုံးမှုဆီသို့ သွားသင့်သည်။ ဤကျမ်းပိုဒ်ကိုကျင့်သုံးရာတွင်၊ ဤကျမ်းပိုဒ်၏ အကြောင်းအရာများနှင့်ပတ်သက်၍ ဓမ္မသစ်ကျမ်းတွင် အသေးစိတ်ဖော်ပြထားသောနည်းလမ်းများကို ကျွန်ုပ်တို့ အနီးကပ်လိုက်နာပါမည်။

# ခေတ်သစ်ကျင့်သုံးမှု

ဓမ္မသစ်ကျမ်းရေးသူများသည် ထိုသူတို့ကို ဘုရားသခင်၏ဖန်ဆင်းခြင်းအကြောင်းပြောပြရန် ကမ္ဘာဦးကျမ်း ၁ ကို အလွန်အားကိုးကြသည်။ သူတို့သည် မောရှေ၏မှတ်တမ်းတိုင်းကို ယုံကြည်ကြောင်း အရိပ်အယောင်ပေးသည်။ သို့သော်၊ ဤအချက်သည်အရေးကြီးသကဲ့သို့၊ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့ ဖော်ပြထားသည်နည်းတူ မောရှေ၏အဓိကရည်ရွယ်ချက်နှင့်ပတ်သက်၍လည်း ဓမ္မသစ်ကျမ်းရေးသူများသည် အသေးစိတ်ရှင်းပြထားသည်။ မောရှေသည် ဖန်ဆင်းခြင်းကို အီဂျစ်ပြည်မှ ဣသရေလလူမျိုးအား ရွေးနှုတ်ခြင်း၏ ရှေ့ပြေးပုံစံအဖြစ် မြင်သကဲ့သို့၊ ဓမ္မသစ်ကျမ်းသည် ကမ္ဘာဦး ၁:၁–၂:၃ ကို အလွန်ကြီးမြတ်သောရွေးနှုတ်ခြင်း—ခရစ်တော်အားဖြင့်ရောက်လာမည့် ကယ်တင်ခြင်း၏ရှေ့ပြေးပုံစံအဖြစ် မြင်သည်။ ဓမ္မဟောင်းကာလတွင် ဣသရေလတို့မြင်ခဲ့သည့် ကယ်တင်ခြင်းနှင့် တရားစီရင်ခြင်းဆိုင်ရာ အတွေ့အကြုံအားလုံးသည် ဘုရားသခင်သည် သားတော်ယေရှုအားဖြင့် ကယ်တင်ခြင်းနှင့် တရားစီရင်ခြင်းတို့ကို ယူဆောင်လာမည့် ကြီးမြတ်ပြီး နောက်ဆုံးနေ့ကိုမျှော်လင့်ထားကြောင်း ဓမ္မသစ်ကျမ်းသည် သွန်သင်သည်။ ဤယုံကြည်ချက်သည် ဓမ္မသစ်ကျမ်းရေးသူများအား ခရစ်တော်ကိုအထူးအာရုံစိုက်ခြင်းဖြင့် မောရှေ၏ဖန်ဆင်းခြင်းမှတ်တမ်းကို ချဉ်းကပ်လာစေသည်။ ဣသရေလတို့သည် ဖန်ဆင်းခြင်းတွင် သူတို့၏ကိုယ်ပိုင်ထွက်မြောက်ခြင်းကို မြင်တွေ့ရသကဲ့သို့ ဓမ္မသစ်ကျမ်းရေးသူများသည် ဖန်ဆင်းခြင်းတွင် ခရစ်တော်ကို ကြည့်ရှုခဲ့ကြသည်။ခရစ်တော်၏ရွေးနှုတ်ခြင်းလုပ်ငန်းနှင့်ပတ်သက်သော ဓမ္မသစ်ကျမ်း၏သွန်သင်ချက်ကို လေ့လာသည့်အခါတိုင်း၊ ခရစ်တော်သည် ရွေးနှုတ်ခြင်းကိုဤလောကသို့ တစ်ကြိမ်တည်းမဆောင်ခဲ့ကြောင်း ဓမ္မသစ်ကျမ်းရေးသူများ နားလည်ထားသည်ကို ကျွန်ုပ်တို့သိရမည်ဖြစ်သည်။ ၎င်းအစား၊ ခရစ်တော်သည် သူ၏နိုင်ငံတော်၏ အဆင့်သုံးဆင့်ဖြင့် ကမ္ဘာသို့ ကြီးစွာသော ကယ်တင်ခြင်းနှင့် တရားစီရင်ခြင်းတို့ကို ယူဆောင်လာသည်ဟု သူတို့ယုံကြည်ကြသည်။ ပထမအချက်မှာ၊ ခရစ်တော်သည် ကမ္ဘာမြေကြီးပေါ်သို့ ပထမဆုံးကြွလာစဉ်တွင် သူ၏လူများ၏ ကယ်တင်ခြင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အတွက် များစွာပြီးမြောက်အောင်မြင်ခဲ့သည်။ ခရစ်တော်၏ ပထမဆုံးကြွလာချိန်ကို နိုင်ငံတော်စတင်ခြင်းကာလဟု ခေါ်ဆိုနိုင်ပါသည်။ ဓမ္မသစ်ကျမ်းသည် ခရစ်တော်၏ကြီးစွာသော ရွေးနှုတ်ခြင်း၏အစအဖြစ် ပင်တေကုတ္တေနှင့် တမန်တော်များ၏ အခြေခံဓမ္မအမှုတော်တို့ကို ခရစ်တော်၏အသက်တာ၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့ကို ကြည့်ရှုသည်။ဒုတိယနေရာတွင်၊ ဓမ္မသစ်ကျမ်းရေးသူများသည် ခရစ်တော်သည် ဤကမ္ဘာမြေမှထွက်ခွာသွားပြီဖြစ်သော်လည်း ခရစ်တော်၏နိုင်ငံတော်သည် ယခုဆက်လက်တည်ရှိနေကြောင်း နားလည်သဘောပေါက်ကြသည်။ ထိုအချိန်တွင်၊ ဘုရားသခင်၏ကယ်တင်ခြင်း ကျေးဇူးတော်သည် ဧဝံဂေလိတရားဟောကြားခြင်းအားဖြင့် ကမ္ဘာအနှံ့ ပျံ့နှံ့ခဲ့သည်။ တမန်တော်များပြီးနောက်နှင့် ခရစ်တော်ပြန်ကြွလာချိန်အထိ အသင်းတော်၏သမိုင်းကြောင်းတစ်ခုလုံးသည် ခရစ်တော်၌ ကယ်တင်ခြင်းဆက်လက်လုပ်ဆောင်ခြင်းပါဝင်သည်။တတိယအချက်မှာ၊ ခရစ်တော်သည် ဘုန်းအသရေဖြင့် ကြွလာတော်မူသောအခါ၊ နိုင်ငံတော်ပြီးပြည့်စုံချိန်၌ ကယ်တင်ခြင်းပြည့်စုံလာမည်ဟု ဓမ္မသစ်ကျမ်းသည် သွန်သင်ထားသည်။ ကိုယ်တော်၏ဆိုးညစ်မှုအပေါ် အောင်နိုင်ခြင်း၊ ခရစ်တော်၌သေလွန်သောသူတို့၏ထမြောက်ခြင်းကို ကျွန်ုပ်တို့မြင်နိုင်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ထိုသူတို့နှင့်အတူ ဤလောကကို အုပ်စိုးကြမည်ဖြစ်သည်။ ကယ်တင်ခြင်းသည် ခရစ်တော်၏ပထမဆုံးကြွလာချိန်၌စတင်ခဲ့ပြီး၊ ယနေ့ဆက်လက်တည်ရှိနေကာ နိုင်ငံတော်ပြီးပြည့်စုံချိန်၊ ကိုယ်တော်ပြန်လာချိန်၌ ပြီးမြောက်မည်ဖြစ်သည်။ခရစ်တော်၏နိုင်ငံတော်ဆိုင်ရာဤအဆင့်သုံးဆင့်သည် ကျွန်ုပ်တို့သီးခြားစီလေ့လာသင့်သည့် ဓမ္မသစ်ကျမ်းရေးသူများမှအသေးစိတ်ဖော်ပြထားသော မောရှေ၏ဖန်ဆင်းခြင်းဆိုင်ရာ နည်းလမ်းများကို နားလည်ရန် အလွန်အရေးကြီးပါသည်။ ဣသရေလလူမျိုးထံသို့ မောရှေရေးသောပုံနမူနာကို လိုက်နာပြီး၊ ဓမ္မသစ်ကျမ်းရေးသူများသည် ခရစ်တော်၏နိုင်ငံတော် စတင်တည်ထောင်ခြင်း၊ ဆက်လက်တည်မြဲခြင်းနှင့် ပြီးပြည့်စုံခြင်းတွင် ခရစ်တော်၏ကယ်တင်ခြင်းဆိုင်ရာ ကမ္ဘာဦးကျမ်း၏ ဖန်ဆင်းခြင်းမှတ်တမ်းကို အသုံးပြုခဲ့ကြသည်။ ဓမ္မသစ်ကျမ်းသည် ကမ္ဘာဦးကျမ်း၏ပထမအခန်းကြီးအား နိုင်ငံတော်တည်ထောင်ခြင်းနှင့်ပတ်သက်၍ ဆက်စပ်ဖော်ပြသည့်နည်းလမ်းများကို ဦးစွာကြည့်ရှုကြပါစို့။

# နိုင်ငံတော်စတင်ခြင်း

ဓမ္မသစ်ကျမ်းသည်ဖန်ဆင်းခြင်းအား ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ခြင်းအကြောင်းကို အဓိပ္ပာယ်ဖွင့်ဆိုရန်အတွက် အမြင်တစ်ခုအဖြစ် မည်သို့အသုံးပြုသနည်း။ ဓမ္မသစ်ကျမ်းသည် ဘုရားသခင်၏ပြန်လည်ဖန်ဆင်းခြင်း၊ စကြဝဠာကို ပြန်လည်ပုံဖော်ခြင်းအဖြစ် ခရစ်တော်၏ပထမဆုံးကြွလာခြင်းအကြောင်းကို အကြိမ်များစွာတွင် ဖော်ပြထားသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏အဖွင့်စကားလုံးများကို ဦးစွာသုံးသပ်ကြည့်ပါ။ ယောဟန် ၁:၁-၃ တွင် ဖတ်ရသည့် စကားလုံးများမှာ_

> အစဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည်
> ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း
> ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ္ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အစဦး၌ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်
ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်
ကင်းလွတ်လျက်ဖြစ်သော အရာတစုံတခုမျှမရှိ (ယော ၁း၁-၃)။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် "အစအဦး၌"ဖြင့်စတင်သည်ကို သတိပြုပါ။ ဤစကားများသည် မောရှေရေးသားခဲ့သော ကမ္ဘာဦး ၁:၁ ၏အဖွင့်စကားမှ ဆင်းသက်လာသည်ကို ကျွန်ုပ်တို့အားလုံး သိရှိနားလည်ကြသည်။

အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏
(ကမ္ဘာ ၁း၁)။

အစကတည်းကပင်၊ ယောဟန်သည်သူ၏စာဖတ်သူများကို ကမ္ဘာဦးကျမ်း၏ဖန်ဆင်းခြင်း မှတ်တမ်းမှုဘောင်ထဲတွင် ထည့်သွင်းခဲ့သည်။ ထို့နောက် ခရစ်တော်သည် အရာခပ်သိမ်းကိုဖန်ဆင်းသော သုံးပါးပေါင်းတစ်ဆူပုဂ္ဂိုလ်ဖြစ်ကြောင်း ယောဟန်ဆက်ပြောခဲ့သည်။ ကိုယ်တော်သည် ဖန်ဆင်းခြင်း၌ မိန့်ခဲ့သော ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်၊ ကမ္ဘာကို ရှေးဦးစွာဖန်ဆင်းခဲ့သောသူ ဖြစ်သည်။ ဤအခန်းငယ်များသည် ဖန်ဆင်းခြင်းဇာတ်လမ်းကို ရှင်းလင်းစွာကိုးကား၍ အစပြုသော်လည်း၊ ယောဟန် ၁ တွင် ကျွန်ုပ်တို့ ဆက်လက်ဖတ်ရှုစဉ်၊ ယောဟန်သည် ကမ္ဘာဦးကျမ်းမှ ဖန်ဆင်းခြင်းမှတ်တမ်းနှင့် တူညီသော အခြားဖြစ်ရပ်များဆီသို့ သိမ်မွေ့စွာ ကူးပြောင်းသွားသည်ကို တွေ့ရှိရသည်။ ယောဟန် ၁:၄-၅ တွင် သူရေးထားသည်ကို နားထောင်ပါ_

ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်း
ဖြစ်၏။ ထိုအလင်းသည် မှောင်မိုက်၌လင်း၍ မှောင်မိုက်သည် မခံမယူ
(ယောဟန် ၁:၄-၅)။

ဤအချက်တွင် ယောဟန်သည် ကမ္ဘာဦးကျမ်း ၁ ၏ အကြောင်းအရာများကို ဆက်လက်ကိုးကားခဲ့ပြီး၊ အထူးသဖြင့် ပထမနေ့တွင် ဘုရားသခင်သည် ရှုပ်ထွေးသောအမှောင်ကမ္ဘာသို့ယူဆောင်ပေးခဲ့သော *အလင်း*၏အကြောင်းအရာ ဖြစ်သည်။ သို့တိုင်၊ ယေရှုအား ကမ္ဘာဦးကျမ်းမှအလင်းအဖြစ် ရိုးရှင်းစွာ ပြောမည့်အစား၊ အပြစ်ကြောင့်ဖြစ်သော ဤလောက၏မှောင်မိုက်ထဲသို့ ထွန်းလင်းသောအလင်းအဖြစ် ခရစ်တော်၏ လူ့ဇာတိခံယူခြင်းကို ယောဟန်ထောက်ပြခဲ့သည်။ ဖန်ဆင်းခြင်းမှ ခရစ်တော်ကြွလာတော်မူခြင်းသို့ ကူးပြောင်းခြင်းဖြင့်၊ ခရစ်တော်သည် လောက၏ အပြစ်မှောင်မိုက်ကို ဆန့်ကျင်ဘက်၌ ထွန်းလင်းတောက်ပစေခြင်းဖြင့် အစအဦး၌ ပြုသကဲ့သို့၊ ဘုရားသခင်သည် လောက၏ရှုပ်ထွေးမှုများကို တွန်းလှန်ခဲ့ကြောင်း ယောဟန်ဖော်ပြခဲ့သည်။ အလားတူပုံစံကို ၂ ကောရိန္သု ၄:၆ တွင် တွေ့ရသည်။ ထိုနေရာတွင် ပေါလုသည် သူ၏ဓမ္မအမှုတော်၏ဂုဏ်အသရေကို ဤနည်းဖြင့် ရှင်းပြခဲ့သည်_

မှောင်မိုက်ထဲက အလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသော
ဘုရားသခင်သည်၊ ယေရှုခရစ်၏ မျက်နှာ၌ထွန်းလင်းသော ဘုရားသခင်၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ့ဒ်မစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

ဘုန်းတော်ကိုသိသော ဉာဏ်၏အရောင်ကိုပေးလိုသောငှါ၊ ငါတို့စိတ်နှလုံးထဲ၌
အလင်းကို ထွန်းလင်းစေတော်မူ၏ *(၂ ကောရိန္သု ၄:၆)။*

ဤနေရာတွင် ပေါလုသည် ကမ္ဘာဦးကျမ်း ၁ ကို တိုက်ရိုက်ရည်ညွှန်းခဲ့သည်– "ဘုရားသခင်က လည်းအလင်းဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏။"သူသည် အလင်း၏သင်္ကေတန်ဖြင့် ဖန်ဆင်းခြင်း၏မူလအစီအစဉ်ကို ဦးစွာအာရုံစိုက်ခဲ့သော်လည်း၊ ထို့နောက်တွင် ဖန်ဆင်းခြင်းဇာတ်လမ်းနှင့် တူညီသော အရေးကြီးသည့်အချက်ကို အာရုံစိုက်ခဲ့သည်—ဘုရားသခင်၏ဘုန်းတော်"သည် "ခရစ်တော်၏မျက်နှာ၌ထွန်းလင်း"သောအခါတွင် ဘုရားသခင်သည် "ကျွန်ုပ်တို့၏စိတ်နှလုံး၌ သူ၏အလင်းကို ထွန်းလင်းစေ"ခဲ့သည်။ ခရစ်တော်၏နိုင်ငံတော်တည်ထောင်ခြင်းသည်—မြေကြီးပေါ်တွင် ခရစ်တော်၏ မျက်နှာထင်ရှားသောအခါ— ဘုရားသခင်၏မူလဖန်ဆင်းခြင်းလက်ရာ၏ရှေ့ပြေးပုံစံနှင့်ဆက်စပ်နေသော အခါတွင် ၎င်းကိုအကောင်းဆုံးနားလည်ကြောင်း တမန်တော်သည် ပြောကြားခဲ့သည်။ အစအဦး၌ အလင်း၏သင်္ကေတန်၌ဘုရားသခင်ပြသသော အလားတူဘုန်းအသရေသည် ခရစ်တော်၏ အမှောင်ကမ္ဘာ ထဲသို့ ပထမဆုံးကြွလာချိန်တွင် ထင်ရှားခဲ့သည်။ဤကျမ်းပိုဒ်နှစ်ပိုဒ်မှ မောရှေ၏ဖန်ဆင်းခြင်းမှတ်တမ်း သို့ ခရစ်ယာန်ချဉ်းကပ်မှုတွင် မရှိမဖြစ်လိုအပ်သော အရာတစ်ခုကို ကျွန်ုပ်တို့ တွေ့ရှိရသည်။ ခရစ်တော်၏နောက်လိုက်များသည် ကမ္ဘာဦးကျမ်း ၁ တွင် ခရစ်တော်၏ပထမဆုံးကြွလာချိန်၊ နိုင်ငံတော်တည် ထောင်ခြင်းတွင် ဘုရားသခင်ပြုခဲ့သောအရာများ၏ပုံစံတူ၊ ကြိုတင်မျှော်မှန်းချက်တစ်ခုကို တွေ့မြင်ခဲ့ သည်။

နည်းလမ်းများစွာတွင်၊ သင်နှင့်ကျွန်ုပ်သည် မောရှေနောက်သို့လိုက်သော ဣသရေလလူတို့ရင် ဆိုင်ခဲ့ရသည့် သွေးဆောင်မှုမျိုးနှင့် ရင်ဆိုင်နေရသည်။ ခရစ်တော်သည် ဤလောကသို့ ပထမဆုံးကြွလာ စဉ်တွင် ဘုရားသခင်သည် ဣသရေလလူမျိုးကို အီဂျစ်ပြည်မှ ပထမဆုံးကယ်နှုတ်ခဲ့သကဲ့သို့၊ အံ့သြဖွယ် ကောင်းသောအရာတစ်ခုကို ပြုလုပ်ခဲ့သည်။ သို့တိုင်၊ လွန်ခဲ့သောနှစ်ပေါင်း ၂,၀၀၀ တွင်ခရစ်တော်၌ ဘုရားသခင်၏အမှုတော်သည် မည်မျှကြီးကျယ်ခမ်းနားခဲ့သည်ကို ကျွန်ုပ်တို့မမြင်နိုင်ပါ။ မသိနားမလည် သောလူ၏ အမြင်မှကြည့်လျှင်၊ ခရစ်တော်၏အသက်တာသည် အလွန်အရေးကြီးပုံမပေါ်ပါ။ ထိုခေတ်၌ ဖြစ်ပျက်ခဲ့သည့်အရေးမပါသော အဖြစ်အပျက်များစွာထဲမှ တစ်ခုအဖြစ် အလွယ်တကူ ဖယ်ရှားပစ်နိုင် သည်။ ကျွန်ုပ်တို့သည် ခရစ်တော်အကြောင်းကို ဤသို့စဉ်းစားရန် သွေးဆောင်ခံရသောအခါ၊ ဓမ္မသစ် ကျမ်း၏အမြင်ကို သတိရရန်လိုသည်။ ခရစ်တော်၏ကမ္ဘာမြေကြီးပေါ် ပေါ်ထွန်းခြင်းသည် ဘုရားသခင် ၏ကမ္ဘာမြေကြီးကို နောက်ဆုံး ပြန်လည်စီစဉ်ခြင်း၏အစဖြစ်သည်။ ဘုရားသခင်သည် အပြစ်တရား၏ ရှုပ်ထွေးသောအမှောင်နှင့် သေခြင်းမှ ကမ္ဘာကြီးကို ကယ်တင်ခဲ့သည်။ သခင်ယေရှု၏ပထမဆုံးကြွလာ ခြင်းသည် ဘုရားသခင်နှင့် သူ၏ပုံသဏ္ဌာန်သည် အစဉ်အမြဲဘုန်းအသရေရှိပြီး သူ၏ဖန်ဆင်းခြင်းသည် အံ့သြဖွယ်ကောင်းကာ၊ ထာဝရအသက်ပေးရာနေရာဖြစ်စေမည့်လုပ်ငန်းစဉ်ကို စတင်ခဲ့သည်။ ကျွန်ုပ်တို့ သည် ခရစ်တော်တစ်ပါးတည်း၌သာ ယုံကြည်ကိုးစားခြင်းသည် မှန်ကန်ပါသည်။ ယခုအချိန်အထိ၊ ဓမ္မသစ်ကျမ်းသည် ခရစ်တော်၏ ပထမဆုံးကြွလာခြင်း၏ အရေးပါမှုကိုရှင်းပြရန် ဖန်ဆင်းခြင်းဇာတ် လမ်းကို အသုံးပြုထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ ခရစ်တော်၏ပထမအကြိမ်နှင့် ဒုတိယကြွလာချိန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကြားကာလကို ပြန်လည်ဖန်ဆင်းခြင်းအဖြစ် နိုင်ငံတော်၏ ဆက်လက်တည်မြဲခြင်းဟု ဓမ္မသစ်ကျမ်း သည်ယူဆကြောင်း ယခုကျွန်ုပ်တို့မြင်နိုင်မည်ဖြစ်ပါသည်။

## ဆက်လက်တည်ရှိခြင်း

ဤအမြင်ကိုဖော်ပြသည့် အကျွမ်းတဝင်ကျမ်းပိုဒ်တစ်ခုမှာ ၂ ကောရိန္သု ၅:၁၇၊

> လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ် ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာ တို့သည်ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ (၂ ကောရိန္သု ၅:၁၇)။

King James Version တွင် လူတစ်ဦးသည် ခရစ်တော်၌ရှိသောအခါ “သတ္တဝါအသစ်” ဖြစ်လာ သည်ဟု ဤကျမ်းချက်ကို ဘာသာပြန်ဆိုသည်။ ဤဘာသာပြန်ချက်သည် ကမ္ဘာဦးကျမ်း ၁ ၏ ဖန်ဆင်း ခြင်းမှတ်တမ်းတွင် ပေါလု၏ရည်ညွှန်းချက်ကို ဖော်ပြရန်ပျက်ကွက်သောကြောင့် မသင့်တော်ပါ။ ဂရိ အသုံးအနှုန်းသည် *ktisis* (κτίσις) ဖြစ်ပြီး၊ ၎င်းကို မှန်ကန်စွာဘာသာပြန်ဆိုလျှင် “ဖန်ဆင်းခြင်း” (ခေတ် သစ်ဘာသာပြန်အများစုတွင်ကဲ့သို့) ဖြစ်သည်၊ “သတ္တဝါ” မဟုတ်ပါ။ အမှန်တကယ်၊ ကျမ်းပိုဒ်၏ဤ အပိုင်းကို “ဖန်ဆင်းခြင်းအသစ်တစ်ခုရှိသည်” ဟုဘာသာပြန်နိုင်သည်။ ပေါလု၏အယူအဆမှာ ယုံကြည် ခြင်းအတွက် လူတို့သည် ခရစ်တော်ထံလာသောအခါ၊ ၎င်းတို့သည်နယ်ပယ်သစ်၊ ကမ္ဘာသစ်၊ အသစ် သောဖန်ဆင်းခြင်း၏တစ်စိတ်တစ်ပိုင်း ဖြစ်လာကြပုံရသည်။ ဆိုလိုသည်မှာ နိုင်ငံတော်ဆက်လက်တည် တံ့နေချိန်အတွင်း ယောကျာ်းမိန်းမတို့သည် ခရစ်တော်ကိုယုံကြည်သောအခါ ဖန်ဆင်းခြင်းအသစ်ကို တွေ့ကြုံခံစားကြရသည်။ ဤသဘောအရ၊ ဖန်ဆင်းခြင်းဆိုင်ရာကမ္ဘာဦးမှတ်တမ်းသည် ခရစ်တော်ကို ကြားနာ၊ ယုံကြည်၊ လိုက်လျှောက်သူတိုင်းတွင် မည်သို့ဖြစ်ပျက်သည်ကို မှန်ကန်စွာနားလည်နိုင်သော နည်းလမ်းတစ်ခု ဖြစ်လာသည်။ ကျွန်ုပ်တို့သည် ဘုရားသခင့်ဖန်ဆင်းခြင်းအသစ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာသည်နှင့်အမျှ၊ ကမ္ဘာကြီးအတွက် ဘုရားသခင်၏အကောင်းဆုံးအစီအစဉ်များ၏ အံ့သြဖွယ်ရာ များကို စတင်ခံစားလာကြသည်။ဤအကြောင်းကြောင့်၊ မောရှေ၏ဖန်ဆင်းခြင်းမှတ်တမ်းအပေါ် သက် ရောက်စေသည့် တစ်ဦးချင်းစီ၏ကယ်တင်ခြင်းလုပ်ငန်းစဉ်ကို အခြားနည်းဖြင့်ပေါလုဖော်ပြခဲ့သည်မှာ အံ့သြစရာမဟုတ်ပါ။ ကောလောသဲ ၃း၉-၁၀ တွင် ဤစကားလုံးများကို ကျွန်ုပ်တို့ဖတ်ရသည်_

> သင်တို့သည် လူဟောင်း၏ အကျင့်တို့ နှင့် လူဟောင်း၏ ကိုယ်ကို ချွန်ပယ်၍၊ ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဍာန်နှင့်အညီ၊ မှန်သောပညာအားဖြင့် အသစ်ပြုပြင်သော လူသစ်ကို ယူတင်ဝတ်ဆောင်သောသူ ဖြစ်ကြ၏ *(ကောလောသဲ ၃း၉-၁၀)။*

ဤကျမ်းပိုဒ်တွင်၊ ကမ္ဘာဦးကျမ်း ၁ အရ ခရစ်တော်၏နောက်လိုက်များဖြစ်ပျက်ပုံကို တမန်တော် သည်ဖော်ပြခဲ့သည်။ ကျွန်ုပ်တို့သည် "ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဍာန်နှင့်အညီ၊ ...လူသစ်ကို ယူတင် ဝတ်ဆောင်သောသူဖြစ်ကြ၏။" ပေါလုသည် ကမ္ဘာဦး ၁:၂၇ ကိုကိုးကားခဲ့ရာတွင် ဘုရားသခင်၏

အကောင်းဆုံးသောကမ္ဘာတွင် "ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ" ဖန်ဆင်းခံရသော အာဒံနှင့်ဧဝတို့ ပါဝင်သည်ဟု မောရှေဆိုခဲ့သည်။ ခရစ်တော်၏နိုင်ငံတော် ဆက်လက်တည်တံ့နေချိန်အတွင်း၊ ဘုရား သခင်၏ပုံသဏ္ဍာန်ပိုင်ဆိုင်ခဲ့သော ကျွန်ုပ်တို့၏ပထမမိဘများ၏အခြေအနေဖြစ်သော ဘုရားသခင်၏ ပုံသဏ္ဍာန်များကို ပြန်လည်ရရှိရန် တစ်သက်တာလုံး "အသစ်ပြုပြင်ခံရခြင်း" လုပ်ငန်းစဉ်တွင် အဆက် မပြတ်ရှိနေသည်ကို တွေ့ရှိရသည်။ဓမ္မသစ်ကျမ်းသည် မောရှေ၏ဖန်ဆင်းခြင်းမှတ်တမ်းကို ခရစ်တော်၏ အမှုတော်ကို နားလည်ရန် စံနှုန်းတစ်ခုအဖြစ်နှင့် နိုင်ငံတော်တည်ထောင်ခြင်းတွင်သာမက ဆက်လက် တည်ရှိခြင်းတွင်လည်း အသုံးပြုကြောင်း ဤကျမ်းပိုဒ်နှစ်ခုသည်သက်သေပြသည်။မှန်ပါသည်၊ ဓမ္မသစ် ကျမ်းရေးသူများသည် မောရှေ၏ဖန်ဆင်းခြင်းဇာတ်လမ်း၏အကြောင်းအရာများကို နောက်ဆုံးအဆင့် တစ်ခုသို့ ယူဆောင်သွားကြသည်။ ဖန်ဆင်းခြင်းအသစ်၏အစအဖြစ် ခရစ်တော်၏ပထမဆုံးကြွလာခြင်း နှင့် လူတစ်ဦးချင်းစီသည်၎င်းတို့၏ဘဝတွင် ဖန်ဆင်းခြင်းအသစ်၏အကျိုးသက်ရောက်မှုများကို ခံစားရ မည့်အချိန်အဖြစ် နိုင်ငံတော်၏ဆက်လက်တည်မြဲခြင်းကို ထိုသူတို့ကြည့်ရှုသည်သာမက၊ ဖန်ဆင်းခြင်း ဆိုင်ရာအကြောင်းအရာများကို ခရစ်တော်၏အမှုတော်နောက်ဆုံးအဆင့်အထိ အသုံးပြုခဲ့ကြသည်— နိုင်ငံတော်ပြီးပြည့်စုံခြင်းဖြစ်သည်။

## ပြီးပြည့်စုံခြင်း

ဤကိစ္စနှင့်စပ်လျဉ်း၍ ဓမ္မသစ်ကျမ်းတွင် အနည်းဆုံး ကျမ်းပိုဒ်နှစ်ပိုဒ်သည် ထင်ရှားသည်။ ပထမ၊ ဟေဗြဲ ၄ တွင် မောရှေ၏ဖန်ဆင်းခြင်းမှတ်တမ်းအရ ခရစ်တော်ပြန်ကြွလာခြင်းကို ရည်ညွှန်း သည်_

> ခုနစ်ရက်မြောက်သောနေ့ကိုအကြောင်းပြု၍ ကျမ်းစာတစ်ချက်၌လာသည်ကား_
> "ဘုရားသခင်သည်မိမိအမှုအရာအလုံးစုံတို့ကို ပြီးစီး၍
> ခုနစ်ရက်မြောက်သောနေ့၌ငြိမ်ဝပ်စွာနေတော်မူ၏"... ဘုရားသခင်သည်
> မိမိအမှုအရာတို့ကိုပြီးစီး၍ငြိမ်ဝပ်စွာနေတော်မူသည်နည်းတူ၊
> ထိုချမ်းသာထဲသို့ဝင်ရသောသူသည်လည်း မိမိအမှုအရာတို့ကို
> ပြီးစီး၍ငြိမ်ဝပ်စွာနေရ၏။ ထိုချမ်းသာထဲသို့ဝင်ရမည်အကြောင်း
> ကြိုးစားအားထုတ်ကြကုန်အံ့ (ဟေဗြဲ ၄:၄–၁၁)။

မောရှေသည် ကမ္ဘာဦးကျမ်း ၂ တွင် ငြိမ်ဝပ်ရာခါနာန်ပြည်သို့သွားသော ဣသရေလလူမျိုးကို လှုံ့ဆော်ပေးရန် ဘုရားသခင်၏ဥပုသ်နေ့ကို အသုံးပြုသည့်အတိုင်း၊ ဟေဗြဲကျမ်းရေးသူသည် ခရစ်တော် ပြန်ကြွလာသောအခါ ကျွန်ုပ်တို့တွေ့ကြုံခံစားရမည့် အဆုံးစွန်သောရွေးနုတ်ခြင်း၏အကောင်းဆုံးသော စံနမူနာတစ်ခုအဖြစ် ဘုရားသခင်၏ဥပုသ်နေ့ကို မြင်ခဲ့သည်။ ဘုရားသခင်သည် အစအဦး၌ ကမ္ဘာလော ကကိုအကောင်းဆုံးစီစဉ်၍ ဥပုသ်ဆိုင်ရာရှင်လန်းမှုကို ဆောင်ခဲ့သည်နည်းတူ၊ ခရစ်တော်သည်လည်း ဘုန်းတော်ဖြင့်ပြန်လည်ကြွလာသောအခါ၊ ကိုယ်တော်သည်ကမ္ဘာကို အကောင်းဆုံးပြန်လည်စီစဉ်ကာ သူ၏လူတို့အား ဥပုသ်ဆိုင်ရာငြိမ်ဝပ်ခြင်း၏ နောက်ဆုံးရှင်လန်းမှုကို ပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့သည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤနေ့ကိုတောင့်တသည်နှင့်အမျှ ခရစ်တော် ကြွလာသောအခါတွင် ရောက်ရှိမည့် "ထိုချမ်းသာထဲသို့ ဝင်ရမည်အကြောင်း ကြိုးစားအားထုတ်ကြကုန်အံ့" ဟု ဤနေရာ၌ ကျွန်ုပ်တို့အားဆိုထားသည်။ နောက်ဆုံးတွင်၊ မောရှေ၏ဖန်ဆင်းခြင်းမှတ်တမ်းနှင့်ပတ်သက်၍ ခရစ်တော်၏ဒုတိယကြွလာခြင်းကို ဖော်ပြသည့် အခမ်းနားဆုံးကျမ်းပိုဒ်များထဲမှတစ်ခုမှာ ဗျာဒိတ် ၂၁:၁ ဖြစ်သည်။ ခရစ်တော်ပြန်ကြွလာခြင်းအတွက် ဖန်ဆင်းခြင်းအကြောင်းအရာများကို ယောဟန်ကျင့်သုံးပုံကို နားထောင်ပါ_

> ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့နည်းဟူမူကား၊ ရှေးကောင်းကင်နှင့်ရှေးမြေကြီးသည် ရွှေ့သွားကြပြီ။ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ (ဗျာဒိတ် ၂၁:၁)။

ယောဟန်အနေဖြင့် "ကောင်းကင်သစ်နှင့်မြေကြီးသစ်" အကြောင်းပြောခဲ့ပြီး၊ ဤစကားစုသည် "ကောင်းကင်နှင့်မြေကြီးကို" ဘုရားသခင်ဖန်ဆင်းကြောင်း မှတ်တမ်းတင်ထားသည့် ကမ္ဘာဦး ၁:၁ ကို ပြန်အမှတ်ရစေသည်။ ထို့အပြင်၊ ဤကမ္ဘာသစ်တွင် *"ပင်လယ်" ရှိတော့မည်မဟုတ်ကြောင်း* ယောဟန်ပြောခဲ့သည်။ ကမ္ဘာဦး ၁:၉ တွင် ဘုရားသခင်သည် ပင်လယ်ကို ကန့်သတ်ထားခြင်းဖြင့် ခြောက်သွေ့သော မြေများပေါ်လာပြီး လူသားမျိုးနွယ်အတွက် ဘေးကင်းသောနေရာတစ်ခုအဖြစ် တည်ရှိစေသည်ကို သင်မှတ်မိပါလိမ့်မည်။ ကမ္ဘာသစ်တွင်၊ ခရစ်တော်ပြန်ကြွလာပြီးနောက်၊ ဆားပင်လယ်များသည် ကမ္ဘာမြေကြီးမှ လုံးဝဖယ်ရှားပြီး အသက်ကိုပေးသောရေဖြင့် အစားထိုးမည်ကို တွေ့ရှိရမည်ဖြစ်သည်။ ခရစ်တော်၏အမှုတော်လုပ်ဆောင်မှုသည် ကမ္ဘာဦးကျမ်း ၁ တွင် ဖန်ဆင်းခြင်းနေ့ရက်များနှင့် ဆင်တူသော်လည်း၊ ခရစ်တော်၌အကောင်းဆုံးသောအစီအမံကို ပြီးမြောက်စေရန်အတွက် ဘုရားသခင်သည် ပိုမိုဆောင်ရွက်သွားမည်ဖြစ်သည်။ စကြဝဠာတစ်ခုလုံးကို ကောင်းကင်သစ်နှင့် မြေကြီးအသစ်အဖြစ် ပြန်လည်ဖန်ဆင်းမည်ဖြစ်ပြီး၊ ဘုရားသခင်နှင့် သူ၏လူတို့သည် ထိုကမ္ဘာသစ်ကို အတူတကွ ခံစားကြမည်ဖြစ်သည်။

ဝမ်းနည်းစရာမှာ၊ ခရစ်ယာန်များသည် ဖန်ဆင်းခြင်းမှ ၎င်းတို့၏ထာဝရမျှော်လင့်ချက်ကို မကြာခဏ ဖြတ်တောက်ပစ်လေ့ရှိသည်။ ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာဝိညာဉ်လောက၌ ထာဝရနေထိုင်ကြမည်ဟု ယူဆပါသည်။ သို့သော် ဓမ္မသစ်ကျမ်းတွင်ဤအချက်နှင့်ပတ်သက်၍ အလွန်ရှင်းလင်းသည်။ ကျွန်ုပ်တို့၏နောက်ဆုံးကံကြမ္မာသည် ဖန်ဆင်းခြင်း သတ္တမနေ့၌ စီရင်ထားသော ဥပုသ်နေ့သို့ ပြန်သွားရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ထာဝရနေထိုင်ကြပါမည်။ ဤသည်မှာ မောရှေလက်ထက်၌ ဣသရေလ၏မျှော်လင့်ချက်ဖြစ်ပြီး၊ ယနေ့ ကျွန်ုပ်တို့၏မျှော်လင့်ချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဓမ္မသစ်ကျမ်း၏လမ်းညွှန်ချက်ကို လိုက်နာသောအခါ၊ ကမ္ဘာဦးကျမ်း၏အဖွင့်အခန်းကို ရှေးယခင်၌ဖြစ်ပျက်ခဲ့သော မှတ်တမ်းတစ်ခုမျှသာဖြစ်သည်ဆိုသည်ထက် ချဉ်းကပ်သင့်သည်။ ၎င်းသည် ခရစ်တော်၏ပထမဆုံးကြွလာချိန်၌ ဘုရားသခင်လုပ်ဆောင်ခဲ့သည့်ပုံစံတူများ၊ ကျွန်ုပ်တို့၏ဘဝတွင် နေ့စဉ်လုပ်ဆောင်နေသည့်အရာများနှင့် တစ်နေ့၌ခရစ်တော် ကြွလာသောအခါတွင် ဘုရားသခင် ပြီးမြောက်စေမည့်အရာများဖြစ်သည်။

ခရစ်တော်၏နိုင်ငံတော်ဆိုင်ရာအဆင့်သုံးဆင့်စလုံးတွင်၊ ဘုရားသခင်သည် ကမ္ဘာပေါ် ရှိ အပြစ်နှင့် သေခြင်း၏ ရှုပ်ထွေးမှုများနှင့် ကျွန်ုပ်တို့၏အသက်တာအပေါ်တွင် လုပ်ဆောင်လျှက်ရှိသည်။ နိုင်ငံ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တော်စတင်ခြင်း၊ ဆက်လက်တည်မြဲခြင်းနှင့် ပြီးပြည့်စုံခြင်းတွင်၊ ကိုယ်တော်သည် သူ၏လူများအတွက် ကမ္ဘာကိုအံ့ဖွယ်ဖန်ဆင်းခြင်းအသစ်တစ်ခုဖြစ်သည့် အကောင်းဆုံးသောအဆုံးသတ်လမ်းကြောင်းပေါ်တွင် ချမှတ်ပေးခဲ့သည်။

# နိဂုံး

ဤသင်ခန်းစာတွင် ကျွန်ုပ်တို့သည်အဓိကအယူအဆလေးခုကိုလေ့လာခဲ့ကြသည်_ ကမ္ဘာဦးကျမ်း ၁–၁၁ တွင် ဆက်စပ်လွှမ်းခြုံသောရည်ရွယ်ချက်၊ ကမ္ဘာဦး ၁:၁–၂:၃ တွင်ဖွဲ့စည်းပုံနှင့် မူလအဓိပ္ပာယ်၊ ဓမ္မသစ်ကျမ်းသည် ဖန်ဆင်းခြင်းမှတ်တမ်း၏အကြောင်းအရာများကို ခရစ်တော်နှင့် ကျွန်ုပ်တို့၏အသက်တာတွင်ကျင့်သုံးပုံတို့ ဖြစ်သည်။ ယနေ့ခေတ်တွင် မောရှေ၏ဖန်ဆင်းခြင်းမှတ်တမ်းဆိုင်ရာ ဤချဉ်းကပ်မှု၏ရိုက်ခတ်မှုဂယက်များသည် ပြောရလျှင် အံ့သြစရာဖြစ်သည်။

ယနေ့ အသက်ရှင်နေသော ခရစ်ယာန်များအနေနှင့် ကမ္ဘာဦးကျမ်းပါ မောရှေ၏ မူလရည်ရွယ်ချက်သည် ခရစ်တော်၌ ကျွန်ုပ်တို့၏အသက်တာနှင့် မည်သို့သက်ဆိုင်သည်ကိုလေ့လာရန် လိုအပ်သည်။ ကမ္ဘာဦးကျမ်း၏အဖွင့်အခန်းများကို ဦးစွာကြားသိခဲ့သော ဣသရေလလူမျိုးကဲ့သို့ပင်၊ ကျွန်ုပ်တို့သည် ဤအပြစ်ရှိသောကမ္ဘာတွင် ခရစ်တော်နောက်လိုက်သောအခါ အလွယ်တကူ စိတ်ပျက်အားလျော့ကြသည်။ သို့သော် မောရှေသည် သူ၏စာဖတ်သူများကို သူတို့သည်ဘုရားသခင်၏အကောင်းဆုံးသော ကမ္ဘာဆီသို့ လျှောက်လှမ်းနေကြောင်းယုံကြည်ရန် အားပေးသကဲ့သို့၊ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏အံ့သြဖွယ်ကောင်းသော ဤအကောင်းဆုံးသောကမ္ဘာဆီသို့ ခရစ်တော်၌လျှောက်လှမ်းနေကြောင်း အားပေးသင့်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။